ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၂၂ ခုနှစ်

တရားရုံးနှစ်စဉ်အစီရင်ခံစာ




မြန်မာနိုင်ငံတရားလွှတ်တော်ချုပ်
သီလ
သမာဓိ
ပညာ



၂၀၂၂ ခုနှစ်

တရားရုံးနှစ်စဉ်အစီရင်ခံစာ

သင်သိပါသလား။



တစ်နိုင်ငံလုံးတရားရုံးစုစုပေါင်း ၄၉၂ ရုံး



တစ်နိုင်ငံလုံးတရားသူကြီး/
တရားရေးအရာရှိ စုစုပေါင်း ၁၃၆၁ ဦး



တစ်နိုင်ငံလုံးအမှုပြီးပြတ်မှုနှုန်း ၁၀၉ %



တိုင်ကြားစာ ၁၃၆၁ စောင်အနက်
၁၃၅၆ စောင်အား အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး
၅ စောင်အား စိစစ်ဆဲဖြစ်

NCMP
နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု
အစီအစဉ် တရားရုံး
၅၆ ရုံးတိုးချဲ့နိုင်ခဲ့



အကျဉ်းထောင်၊ ရဲဘက်စခန်းနှင့်
အချုပ်ခန်း ၂၆၄ ခုသို့
သွားရောက်စစ်ဆေးခဲ့

သီးသန့်တရားရုံးများတွင်
စစ်ဆေးခဲ့သည့်အမှု
၁၀၆၃၅ မှု
ရုံးထိုင်စစ်ဆေးခဲ့သည့်
တရားသူကြီး ၄၉၃ ဦး

ဗီဒီယိုကွန်ဖရင့်စနစ်ကို
အသုံးပြု၍ စစ်ဆေးခဲ့သည့်
သက်သေ ၄၇၆ ဦး



ဗီဒီယို ကွန်ဖရင့်ဖြင့်ပြုလုပ်သည့်
ပြည်တွင်း/ပြည်ပ
ညီလာခံသင်တန်း၊ ဆွေးနွေးပွဲ၊
အလုပ်ရုံဆွေးနွေးပွဲ ၆၀ ခုသို့
တရားသူကြီး/တရားရေးအရာရှိ ၂၉၈ ဦး
တရားရုံးဝန်ထမ်း ၂၅၁၅ ဦး
တက်ရောက်ခဲ့



၁-၃-၂၀၁၉ မှ ၃၁-၁၂-၂၀၂၂ ထိ
စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သော
အမှုစုစုပေါင်း ၆၃၂၃ မှု



ပြည်တွင်း/ပြည်ပတက္ကသိုလ်များ၌
တရားသူကြီး /တရားရေးအရာရှိ ၁၂ ဦး
ဘွဲ့လွန်သင်တန်းများ
တက်ရောက်လျက်ရှိ

အလုပ်သင်ရှေ့နေ ၆၂၆ ဦးအား
စာရင်းတင်သွင်းခွင့်ပြု
အထက်တန်းရှေ့နေ ၈၃၈ ဦးနှင့်
တရားလွှတ်တော်ရှေ့နေ ၃၅၀ ဦးအား
ရှေ့နေလိုင်စင်အပ်နှင်းခဲ့



ရုံးခွန်ကျပ်သန်း ၄၉၀၀ ကျော်နှင့်
ဒဏ်ငွေကျပ်သန်း ၉၀၀၀ ကျော် ကောက်ခံရရှိခဲ့

မာတိကာ

ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဧည့် ၈
ရည်မှန်းချက် ၁၁
လုပ်ငန်းတာဝန်များ ၁၁
တရားရုံး၏တန်ဖိုးများ ၁၁
တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ရည်ရွယ်ချက် ၁၂

အပိုင်း (၁)

တရားရုံးစနစ်နှင့်စီမံခန့်ခွဲမှု ၁၃
တရားစီရင်ရေးဆိုင်ရာအခြေခံမူများ ၁၄
ဖွဲ့စည်းပုံအခြေခံဥပဒေအရတရားစီရင်ရေးဆိုင်ရာအခွင့်အာဏာ ၁၄
တရားရုံးဖွဲ့စည်းပုံ ၁၄
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အချုပ်အခြာအာဏာ (၃) ရပ် ၁၅
တရားစီရေးအာဏာခွဲဝေကျင့်သုံးပုံအခြေပြဇယား ၁၅
ပါလီမန်ဒီမိုကရေစီခေတ် (၁၉၄၈-၁၉၆၂) အတွင်း တာဝန်ထမ်းဆောင်ခဲ့သည့်
လွှတ်တော်တရားဝန်ကြီးချုပ်များ ၁၆
ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ၁၇
တရားရုံးအဆင့်ဆင့် ၂၂
- ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၂
- တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် ၂၃
- ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး ၂၇
- မြို့နယ်တရားရုံး ၂၉
- ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ ၃၀

တရားရုံးစီမံခန့်ခွဲမှု ၃၁
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ ၃၁
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဖွဲ့စည်းပုံ ၃၂
  - ◆ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ၃၃
  - ◆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ၃၃
  - ◆ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ၃၄

- ရသုံးမှန်းခြေငွေစာရင်းများနှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှု ၃၅
  - ◆ ပြည်ထောင်စုဥပဒေအထောက်အကူပေးရေးအဖွဲ့သို့ဘဏ္ဍာငွေခွဲဝေပေးခြင်း ၃၇

အပိုင်း (၂)

၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ ၃၈

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုလျော့ကျသည့်ကာလအတွင်း တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို နည်းပညာအသုံးပြု ဆောင်ရွက်ခြင်း ၃၉

- ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အထူးအယူခံခုံရုံးများကြားနာခြင်း ၃၉
- တရားရုံးနည်းပညာအသုံးပြု စီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်ခြင်း ၄၀

သီးသန့်တရားရုံးများဖြင့်စစ်ဆေးစီရင်ခြင်း ၄၂

တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၄၃

နိုင်ငံတစ်ဝန်းမူခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program-NCMP) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၅၁

လူစွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း ၅၇

- လူစွမ်းအားအရင်းအမြစ်များ ၅၇
- လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ၅၇
  - ◆ အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း ၅၈
  - ◆ ပညာတော်သင်များစေလွှတ်ခြင်း၊အဆင့်မြင့်ပညာများဆက်လက်သင်ကြားစေခြင်း ၅၉

တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့်တရားသူကြီးများ၊တရားရုံးဝန်ထမ်းများ၏နေထိုင်ရေးအဆင်ပြေစေရန်ဆောင်ရွက်ခြင်း ၅၉

- တရားရုံးအသစ်များဆောက်လုပ်ခြင်း ၅၉
- ဝန်ထမ်းအိမ်ရာအသစ်များဆောက်လုပ်ခြင်း ၆၂

တရားရုံးလုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း ၆၂

ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုခြင်းနှင့်ကြီးကြပ်ကွပ်ကဲအရေးယူခြင်း ၆၃

ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း ၆၆

ပြစ်ဒဏ်ကျခံနေရသူများ၊အချုပ်ခံနေရသူများ၏ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေးဆောင်ရွက်ခြင်း ၆၆

နိုင်ငံတော်ဘဏ္ဍာငွေသို့ တရားရုံးများမှ ကောက်ခံပေးသွင်းသည့် ရုံးခွန်နှင့်ဒဏ်ငွေ ကောက်ခံရရှိခြင်း ၆၇

- ရုံးခွန် ၆၇
- ဒဏ်ငွေ ၆၈

အသိပညာပေးလုပ်ငန်းများနှင့်ပွင့်လင်းမြင်သာမှုရှိရန်ဆောင်ရွက်မှုများ ၆၈
- ၂၀၂၁ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ဝေခြင်း ၆၈
- ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးထုတ်ဝေခြင်း ၆၉
- စာချုပ်တော်အပြီးသတ်အမိန့်များနှင့် စာချုပ်တော်ဆိုင်ရာတရားစီရင်ထုံးများ စာအုပ်ထုတ်ဝေခြင်း ၆၉
- ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များထုတ်ပြန်ခြင်း (The Commercial Judgment System – CJS) ၇၀
- တရားစီရင်ထုံးအကြောင်းအရာများရှာဖွေခြင်းစနစ် (Ruling Content Management System– RCMS) ၇၀

တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခြင်း ၇၀
- ဒေသတွင်း တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင်ပါဝင်ခြင်း ၇၀
- အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ၇၇

အပိုင်း (၃)

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ ၇၉

၂၀၂၂ ခုနှစ် မှုခင်းစစ်ဆေးစီရင်မှုတွင်တွေ့ရှိချက်များနှင့် ၂၀၂၃ ခုနှစ်တွင်ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များ ၈၀

မှုခင်းများစစ်ဆေးစီရင်ခြင်း ၈၁
- ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၈၁
- ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း ၉၂
- စစ်ဆေးဆဲအမှုများ၏ သက်တမ်း ၁၀၅
- အယူခံတက်ရောက်မှုနှုန်း ၁၁၆
- တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးအဆင့်ဆင့်သို့စွဲဆိုသည့် ရာဇဝတ်မှုနှင့် တရားမမှု စွဲဆိုမှုရာခိုင်နှုန်း ၁၂၁
- မှုခင်းပမာဏနှင့် တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု ၁၂၃
- အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း ၁၂၄

အပိုင်း (၄)

မဟာဗျူဟာစီမံကိန်းပဉ္စမနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်မှုများ ၁၂၇

- မဟာဗျူဟာစီမံကိန်းဖွံ့ဖြိုးတိုးတက်မှု ၁၂၈
- မဟာဗျူဟာစီမံကိန်းပဉ္စမနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၂)၏ အောင်မြင်မှုများ ၁၂၈
- တရားရုံး၏ဆောင်ရွက်မှုတိုးတက်စေရန်ရည်မှန်းချက်များနှင့်လျာထားသတ်မှတ်ချက်များ ၁၂၉
- နိုင်ငံတစ်ဝန်းမူခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၁၃၀

နောက်ဆက်တွဲများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် နောက်ဆက်တွဲ (က) ၁၃၈
တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ
တိုင်းနှင့်ဒေသတရားရုံးများ၏ တည်နေရာ
သက်သေများကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်စစ်ဆေးမှုအခြေအနေ(၂၀၂၂ ခုနှစ်) နောက်ဆက်တွဲ (ခ) ၁၄၉
သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့်အမှုအရေအတွက် နောက်ဆက်တွဲ (ဂ) ၁၅၃
သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့် တရားသူကြီးဦးရေ နောက်ဆက်တွဲ (ဂ-၁) ၁၅၅
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ရှိ နောက်ဆက်တွဲ (ဃ) ၁၅၇
ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ နောက်ဆက်တွဲ (င) ၁၆၀
ရာထူးအဆင့်အလိုက် ဝန်ထမ်းပြုန်းတီးအင်အားစာရင်း
ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ နောက်ဆက်တွဲ (စ) ၁၆၂
တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် နောက်ဆက်တွဲ (ဆ) ၁၆၄
အရေးယူ ဆောင်ရွက်မှုအခြေအနေ
ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် နောက်ဆက်တွဲ (ဇ) ၁၆၅
တရားသူကြီးများ၏ဗီဒီယိုကွန်ဖရင့်ဖြင့်တက်ရောက်သည့် ပြည်ပ
အစည်းအဝေးများ
တိုင်းဒေသကြီး/ပြည်နယ်အလိုက်အရေးကြီးရာဇဝတ်မှုခင်းအခြေပြဇယား နောက်ဆက်တွဲ (ဈ) ၁၆၈
တိုင်းဒေသကြီး/ ပြည်နယ်များတွင် နှစ်အလိုက် အကောင်အထည်ဖော် နောက်ဆက်တွဲ (ည) ၁၆၉
ခဲ့သည့် NCMP တရားရုံးများ(၂၀၁၈-၂၀၂၂)
မဟာဗျူဟာစီမံကိန်းပဉ္စမနှစ်လုပ်ငန်းအစီအစဉ်(၂၀၂၂)အကောင် နောက်ဆက်တွဲ (ဋ) ၁၇၆
အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့်ရလဒ်များ



ယခု ၂၀၂၂ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်ထုတ်ပြန်လိုက်သည့်နှစ်သည် မြန်မာ့တရားစီရင်ရေး၏ တတိယမြောက်ငါးနှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ ပထမဦးဆုံးနှစ်နှင့်လည်း အကြောင်းအားလျော်စွာ တိုက်ဆိုင်လျက်ရှိသည်။ တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မား လာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန် ဟူသော ရည်ရွယ်ချက်ကောင်းများနှင့်အတူ တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှ စတင်၍ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် အများပြည်သူသို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

‘တရားမျှတမှုရရှိစေရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး’ ဟူသော ဆောင်ပုဒ်ဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ထုတ်ပြန်ခဲ့သည့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ မဟာဗျူဟာနယ်ပယ်များအောက်တွင် သတ်မှတ်ထားသည့် မဟာဗျူဟာရည်မှန်းချက်များသို့ အောင်မြင်ရောက်ရှိနိုင်စေရေး၊ မဟာဗျူဟာအစီအစဉ်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ ထိရောက်စွာအကောင်အထည်ဖော်နိုင်စေရေး တရားစီရင်ရေးနယ်ပယ်အတွင်းရှိ အကျိုးသက်ဆိုင်သူအားလုံး ကအားတက်သရောပါဝင်ဆောင်ရွက်ပေးကြရန်လည်းထပ်မံ၍အလေးအနက်တိုက်တွန်းအပ်ပေသည်။

အစီရင်ခံသည့် ၂၀၂၂ ခုနှစ်ကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုအရှိန် လျော့ကျလာခြင်း၊ ဖြေလျော့မှုများ အထိုက်အသင့်ရှိလာခြင်းတို့ကြောင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့် အညီ တရားရုံးလုပ်ငန်းဆောင်တာများကို ပုံမှန်အတိုင်းဆောင်ရွက်နိုင်ရန် ကြိုးစားခဲ့သည်။ အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအတွင်း လုံခြုံရေးအခြေအနေအရ တရားခံများကို တရားရုံးရှေ့သို့ တင်ပို့ရန် အခက်အခဲရှိနေသည့် ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ တရားစီရင်ရေး အဆင်ပြေချောမွေ့စေရေးနှင့် အမှုများကြန့်ကြာမှုမရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သက်ဆိုင်ရာ အကျဉ်းထောင်၊ အကျဉ်းထောင်အနီးရှိ သီးသန့်တရားရုံးနေရာများ၌ ရုံးထိုင်စစ်ဆေးစီရင်နိုင်ရန် တာဝန်ပေးအပ်ခဲ့မှုများ၊ စစ်ဆေးစီရင်နိုင်ခဲ့သည့် မှုခင်းအရေအတွက်နှင့် တရားသူကြီးဦးရေတို့ကိုလည်း ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

တစ်ဖက်တွင်လည်း တရားစီရင်ရေးလုပ်ငန်းများတွင် နည်းပညာအသုံးပြုမှုအစီအစဉ်များကို ဆက်လက်တိုးမြှင့်သွားနိုင်ရေး အားထုတ်လျက်ရှိသည်။ ယင်းသို့ နည်းပညာအသုံးပြုရာတွင် အသုံးပြုသည့် ရည်ရွယ်ချက်၊ လိုက်နာရန်အချက်များအတွက် ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့် အညီ သက်သေများကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် စစ်ဆေးစီရင်နိုင်ခဲ့မှု အခြေအနေကိုလည်း ထည့်သွင်းထားရှိသည်။ နိုင်ငံတော်မှလည်း လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နည်းပညာကိုလက်လှမ်းမီနိုင်ရန် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယခင်နှစ်အစီရင်ခံစာများတွင် ဖော်ပြနေကျဖြစ်သော တရားရုံးအဆင့်ဆင့်ဖွဲ့စည်းပုံ နှင့် တရားရုံးစီမံခန့်ခွဲမှု၊ အစီရင်ခံသည့်နှစ်အတွင်း ဘဏ္ဍာငွေခွဲဝေရရှိမှုနှင့် သုံးစွဲမှု၊ တရားရုံးအဆင့်ဆင့်တွင် အမှုများစစ်ဆေးစီရင်နိုင်ခဲ့မှုအခြေအနေ၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့် နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်များ အကောင်အထည်ဖော်နိုင်မှု၊ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့မှု၊ တရားရုံးနှင့်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နိုင်ခဲ့မှု အတိုင်းအတာ၊ တရားစီရင်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့မှုများနှင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပုံမှန်အတိုင်းထည့်သွင်းထားသည်။ ဤအစီရင်ခံစာ ဖတ်လိုက်သည်နှင့် တရားစီရင်ရေးမဏ္ဍိုင်၏ ရပ်တည်မှုနှင့် စွမ်းဆောင်နိုင်မှုကို မည်သူမဆို အလွယ်တကူ သိရှိနိုင်စေရန် ရည်ရွယ်ရင်းဖြစ်သည်။ ရှင်းလင်းလွယ်ကူစေရန်လည်း ဇယားများ၊ ဂရပ်များ၊ ဓာတ်ပုံများကိုလည်း လိုအပ်သည့်နေရာများတွင် လိုအပ်

သလို ထည့်သွင်းထားရှိသည်။ အစီရင်ခံစာ ဖြစ်ပေါ်လာစေရန် အားထုတ်ကြိုးပမ်းခဲ့သည့် တာဝန်ရှိသူများအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပေသည်။

တရားမျှတမှုကို ဖော်ဆောင်ရာတွင် တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ မရဘဲ အကျိုးသက်ဆိုင်သူအားလုံးကဝိုင်းဝန်းပါဝင်မှသာလျင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ သို့မှသာ ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်သည့် တရားဥပဒေစိုးမိုးရေးကိုလည်း ရရှိနိုင်ပေလိမ့်မည်။ အားလုံးအတူတကွ ကြိုးပမ်းကြပါစို့လို့ တိုက်တွန်းလိုက်ရပေသည်။

ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်
နေပြည်တော်



ရည်မှန်းချက်

လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်

တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

လုပ်ငန်းတာဝန်များ

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး

ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်ပေါ်ထွန်းရေး

အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး

တရားရုံးများ၏ဂုဏ်သိက္ခာမြှင့်တင်ရေး

တရားရုံး၏တန်ဖိုးများ

သာတူညီမျှမှုနှင့် တရားမျှတမှု

တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု

လက်လှမ်းမီနိုင်မှု

မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု



တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်
- တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်

အပိုင်း - ၁

တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု

တရားစီရင်ရေးဆိုင်ရာအခြေခံမူများ

၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခြေခံမူများကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

- ဥပဒေနှင့်အညီလွတ်လပ်စွာတရားစီရင်ရေး
- ဥပဒေအရကန့်သတ်ချက်များမှအပပြည်သူရှေ့မှောက်တွင်တရားစီရင်ရေး
- အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး
- ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး
- ဥပဒေကိုပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသောအလေ့အကျင့် ပျိုးထောင်ပေးရေး
- ပြည်သူအချင်းချင်းနှင့်ပတ်သက်သောအမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး
- ပြစ်မှုကျူးလွန်သူကိုအရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေအရတရားစီရင်ရေးဆိုင်ရာအခွင့်အာဏာ

မြန်မာနိုင်ငံတွင် တရားစီရင်ရေးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးဖြာအနက် တစ်ခုဖြစ်ပြီး၊ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့မှ သီးခြားရပ်တည်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ အရ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်များနှင့် အဆင့်ဆင့်သော တရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။

တရားရုံးဖွဲ့စည်းပုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့် ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ အောက်ဖော်ပြပါတရားရုံးများကို ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှစ၍ ဖွဲ့စည်းထားပါသည်-

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်
- တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ
- ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံးများ
- မြို့နယ်တရားရုံးများ
- ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အချုပ်အခြာအာဏာ (၃) ရပ်

အုပ်ချုပ်ရေးအာဏာ	တရားစီရင်ရေးအာဏာ	ဥပဒေပြုရေးအာဏာ

မြန်မာနိုင်ငံ၏အမြင့်ဆုံး တရားရုံး	ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ဒုတိယအမြင့်ဆုံးတရားရုံး	တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ (၁၄)ရုံး
တတိယအမြင့်ဆုံးတရားရုံး	ခရိုင်တရားရုံးများ/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသ တရားရုံးများ (၁၂၅)ရုံး
မူလရုံး	မြို့နယ်တရားရုံးများ(၃၃၀)ရုံး ဥပဒေအရတည်ထောင်ထားသောအခြား တရားရုံးများ (၂၂)ရုံး

ပါလီမန်ဒီမိုကရေစီခေတ် (၁၉၄၈-၁၉၆၂) အတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် လွှတ်တော်တရားဝန်ကြီးချုပ်များ



အဂ္ဂမဟာသရေစည်သူ သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်
လွှတ်တော်တရားဝန်ကြီးချုပ်
၄-၁-၁၉၄၈ မှ ၁၈-၂-၁၉၅၀ အထိ



မဟာသီရိသုဓမ္မ ဦးထွန်းဖြူ
လွှတ်တော်တရားဝန်ကြီးချုပ်
၁၈-၂-၁၉၅၀ မှ ၁၄-၃-၁၉၅၅ အထိ



သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင်
လွှတ်တော်တရားဝန်ကြီးချုပ်
၁၅-၃-၁၉၅၅ မှ ၂-၁-၁၉၆၁ အထိ



မဟာသီရိသုဓမ္မ ဦးရန်အောင်
လွှတ်တော်တရားဝန်ကြီးချုပ်
၂၁-၃-၁၉၆၁ မှ ၃၁-၃-၁၉၆၂ အထိ

ပြည်ထောင်စုတရားသူကြီးချုပ်



ဝဏ္ဏကျော်ထင် စည်သူ ဦးထွန်းထွန်းဦး

B.A (Law), LL.B

၃၀-၃-၂၀၁၁ ရက်နေ့မှ ယနေ့အထိ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ



ဝဏ္ဏကျော်ထင် ဦးမျိုးတင့်

LL.B

၁၄-၆-၂၀၁၇ ရက်နေ့မှ ယနေ့အထိ



ဝဏ္ဏကျော်ထင် ဦးအောင်ဇော်သိန်း

B.A (Law), LL.B

၃၀-၃-၂၀၁၁ ရက်နေ့မှ ယနေ့အထိ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ



ဝဏ္ဏကျော်ထင် ဦးကြည်သိန်း

LL.B

၄-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ



ဝဏ္ဏကျော်ထင် ဦးမျိုးမောင်

LL.B

၄-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ



ဝဏ္ဏကျော်ထင် ဦးတင်ဟုန်

LL.B

၇-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ



ဝဏ္ဏကျော်ထင် ဦးခင်မောင်ကြီး

LL.B, M.P.A, D.I.L, D.I.R

၇-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ



ဝဏ္ဏကျော်ထင် ဒေါ်ခင်မေရီ

LL.B

၇-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ



ဇေယျကျော်ထင် ဦးသောင်းနိုင်

LL.M

၁၄-၃-၂၀၂၂ ရက်နေ့မှ ယနေ့အထိ



ဝဏ္ဏကျော်ထင်ဦးသိန်းကိုကို

LL.B

၁၄-၃-၂၀၂၂ ရက်နေ့မှ ယနေ့အထိ



ဝဏ္ဏကျော်ထင်ဒေါ်သင်းသင်းနွဲ့

LL.M

၁၄-၃-၂၀၂၂ ရက်နေ့မှ ယနေ့အထိ



ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏
စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံ (၁၉.၈.၂၀၂၂)



ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် အဆင့်မြင့်အရာထမ်းများ၏
စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံ (၁၉.၈.၂၀၂၂)

တရားရုံးအဆင့်ဆင့်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် စစ်ဘက်ဆိုင်ရာ တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများကိုမထိခိုက်စေဘဲ နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် တည်ရှိသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးရေ အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၁ ဦးထိ ဖွဲ့စည်းနိုင်သည်။

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဌေးအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် ပြောင်းလဲခန့်အပ်ခဲ့ပြီး၊ ဦးမြင့်အောင်သည် သက်ပြည့်အငြိမ်းစားယူသွားခဲ့သည့်အတွက် ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့တို့အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ထပ်မံခန့်အပ်ခဲ့ပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ယခင်ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး (၉)ဦး ဖြင့် ဖွဲ့စည်းထားရာမှ ယခုအခါ (၁၁) ဦးအထိ တိုးမြှင့်ဖွဲ့စည်းထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့တွင် ဖွဲ့စည်းပုံအရ ရာထူးအဆင့်အလိုက် အရာထမ်းအမှုထမ်းစုစုပေါင်း ၁၀၆၆၀ ဦးအထိခွင့်ပြုထားပြီး ၃၁-၁၂-၂၀၂၂ ရက်နေ့အထိ ၅၂၁၈ ဦး ခန့်ထားသဖြင့် ၅၄၄၂ ဦး လစ်လပ်လျက်ရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နောက်ဆုံးအဆင့် အယူခံတရားရုံးဖြစ်သည်။ တရားမနှင့် ရာဇဝတ်မှုနှစ်မျိုးစလုံးအတွက် မူလမှုနှင့်အယူခံမှုစီရင်ပိုင်ခွင့်ရှိသည်။ ထို့အပြင် တရားရုံးတစ်ရုံးက ချမှတ်လိုက်သော စီရင်ချက်နှင့်အမိန့်အပေါ် ဥပဒေနှင့်အညီ ပြင်ဆင်မှုအာဏာနှင့် သေဒဏ်အတည်ပြုခွင့် အာဏာများလည်းရှိသည်။ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချုန်တော်အမိန့်သဘောမျိုးသက်ရောက်သည့်အမိန့် ထုတ်ဆင့် ပိုင်ခွင့်အာဏာကို မထိခိုက်စေဘဲ စာချုန်တော်အမိန့် (၅) ရပ်ကို ထုတ်ပိုင်ခွင့်အာဏာရှိသည်။ [၁] ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော တရားသူကြီးများ သို့မဟုတ် စုံညီခုံရုံးတို့ဖြင့် အမှုများကို စစ်ဆေးစီရင်နိုင်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါကိစ္စရပ်များကိုလည်း သီးသန့်ကြားနာ စစ်ဆေးပါသည်-

---

[၁] အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ၃၁-၁-၂၀၂၂ ရက်စွဲပါ ကြေငြာချက်အမှတ် ၁/၂၀၂၂ နှင့် ၃၁-၇-၂၀၂၂ရက်စွဲပါကြေငြာချက်အမှတ် ၂/၂၀၂၂ တို့အရနိုင်ငံတော်အရေးပေါ်အခြေအနေ သတ်မှတ်ကြေညာထားသည့် ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆(ခ) ၊ စာချုန်တော်ဥပဒေပုဒ်မ ၃ (ခ) ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ (ခ) တို့အရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာချုန်တော် လျှောက်ထားချက်များကို ရပ်ဆိုင်းထားပါသည်။

- ပြည်ထောင်စုနိုင်ငံတော်က ချုပ်ဆိုသော ပြည်ထောင်အချင်းချင်းဆိုင်ရာ စာချုပ်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသောကိစ္စရပ်များ
- ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ
- တိုင်းဒေသကြီးအချင်းချင်း ၊ ပြည်နယ်အချင်းချင်း ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အချင်းချင်း ၊ ပြည်ထောင်စုနယ်မြေနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချင်းချင်းတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ
- ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြားကိစ္စရပ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးစနစ်တစ်ခုလုံး၏ အမြင့်ဆုံးအာဏာပိုင်ဖြစ်သည်နှင့်အညီ လက်အောက်ခံတရားရုံးများအားလုံးကို စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန်တာဝန်ရှိသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ နှင့် ခရိုင်တရားရုံးများ/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ တရားရုံးများ၏ တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ




တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီး(အမျိုးသား/အမျိုးသမီး)ဝတ်စားဆင်ယင်ပုံ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များသည် ဒုတိယအမြင့်ဆုံးတရားရုံးများဖြစ်ပြီးပြည်ထောင်စု၏ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် တည်ရှိပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော် (၇) ခု နှင့် ပြည်နယ်တရားလွှတ်တော် (၇) ခုတည်ထောင်ထားရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည်။

တရားလွှတ်တော်တစ်ခုစီတွင် သက်ဆိုင်ရာအလုပ်တာဝန်ပမာဏအပေါ်မူတည်၍ တရားသူကြီးချုပ်အပါအဝင် တရားလွှတ်တော်တရားသူကြီးအရေအတွက် အနည်းဆုံး (၃) ဦးမှ အများဆုံး (၇) ဦး အထိ ကွဲပြားပါသည်။ တရားလွှတ်တော်များတွင် တရားမနှင့် ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကို ကြားနာခွင့်ရှိပြီး၊ လက်အောက်ခံတရားရုံးများက ချမှတ်သည့် စီရင်ချက်၊ ဒီကရီနှင့် အမိန့်များအပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာများလည်း ရှိပါသည်။

တရားလွှတ်တော်များသည် ဥပဒေအရ သတ်မှတ်ထားသည့် ရာဇဝတ်မူလမှုများကို စီရင်ပိုင်ခွင့်ရှိပြီး၊ အမှုတန်ဖိုးကျပ်သိန်း (၃၀၀၀၀) အထက်မှ တန်ဖိုးအကန့်အသတ်မရှိသည့် တရားမမူလမှုများကို စီရင်ပိုင်ခွင့်ရှိပါသည်။

အစီရင်ခံသည့်နှစ်အတွင်းတိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော် အသီးသီးတွင် စေ့စပ်ဖြေရှင်းရေးဌာနအသီးသီးအား စတင်ဖွင့်လှစ်ထားရှိပြီး[၂] တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ တရားရုံးအဆင့်ဆင့်မှ လွှဲပြောင်းပေးပို့သော တရားမမူလမှုများအပေါ် အမှုသည်များအကြားတွင် စေ့စပ်ဖြေရှင်းရေးလုပ်ငန်းများအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ပေးအပ်ထားသည့် စေ့စပ်ဖြေရှင်းရေးအရာရှိများဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

တရားလွှတ်တော်များရှိ အမှုအားလုံးကို တရားသူကြီးတစ်ဦး သို့မဟုတ် လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့် စစ်ဆေးပါသည်။ တရားလွှတ်တော်သည် မိမိစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ လက်အောက်ခံတရားရုံးအားလုံး၏ တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကြီးကြပ်ရန်တာဝန်ရှိပါသည်။

၃၁-၁၂-၂၀၂၂ ရက်နေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များတွင် တာဝန်ထမ်းဆောင်နေကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများ စုစုပေါင်း (၅၄) ဦးဖြစ်ပါသည်။

[၂] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀-၇-၂၀၂၂ရက်စွဲပါစာအမှတ်၊ ၁၆/၁၂၉/ပတခ(၁၆၀၁/၂၀၂၂)

တိုင်းဒေသကြီးပြည်နယ်တရားလွှတ်တော်များ၏ တရားသူကြီးချုပ်များနှင့်တရားသူကြီးများ (၁-၁-၂၀၂၂) ရက်နေ့မှ (၃၁-၁၂-၂၀၂၂)ရက်နေ့အထိ

ကချင်ပြည်နယ် တရားလွှတ်တော်	တရားသူကြီးချုပ်ဝဏ္ဏကျော်ထင် ဦးတူးဂျာ	၃၀.၃.၂၀၁၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ပြုံးပြုံးအေး	၃၀.၃.၂၀၁၁ မှ ယနေ့အထိ
	တရားသူကြီး ဦးတူးမော်	၃.၁၀.၂၀၁၉ မှ ယနေ့အထိ
ကယားပြည်နယ် တရားလွှတ်တော်	တရားသူကြီးချုပ်ဝဏ္ဏကျော်ထင်ဒေါ်သန်းသန်းအေး	၁၄.၇.၂၀၂၁ မှ ၁၃.၃.၂၀၂၃ အထိ
	တရားသူကြီး ဒေါ်စဝ်ဥမ္မာကြည်	၂၉.၁၁.၂၀၁၇ မှ ယနေ့အထိ
	တရားသူကြီး ဦးထွန်းထွန်းဦး	၁၄.၇.၂၀၂၁ မှ ၁၃.၃.၂၀၂၃
ကရင်ပြည်နယ် တရားလွှတ်တော်	တရားသူကြီးချုပ်ဦးသိန်းကိုကို	၁.၃.၂၀၂၁ မှ ၁၄.၃.၂၀၂၂ အထိ
	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင်ဒေါ်ခင်ဆွေထွန်း	၂၃.၃.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်စိမ်းဝင်း	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးညွန့်လင်း	၂၃.၃.၂၀၂၂ မှ ယနေ့အထိ
ချင်းပြည်နယ် တရားလွှတ်တော်	တရားသူကြီးချုပ် ဦးနေစိုး	၁.၁၁.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်မန်ဟောက်ချန်	၇.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးမြင့်ဟန်	၁.၁၁.၂၀၂၁ မှ ယနေ့အထိ
စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်	တရားသူကြီးချုပ် ဦးဇော်ထူး	၁၄.၇.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်စုစုဝင်း	၂၀.၄.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးဟန်သိန်း	၂၅.၁၀.၂၀၂၁ မှ ယနေ့အထိ
တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင်ဒေါ်ပိုက်ပိုက်အေး	၁၈.၅.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်အေးအေးသန်း	၂၀.၄.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ရင်ရင်သန်း	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်	တရားသူကြီးချုပ်ဝဏ္ဏကျော်ထင်ဒေါ်လွင်လွင်အေးကျော်	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်မာဆွေ	၁၆.၈.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်အေးအေးသန့်	၁၉.၁၂.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဦးမြင့်စိုး	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
မကွေးတိုင်းဒေသကြီး တရားလွှတ်တော်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင်ဦးစိန်ထွန်း	၃၀.၃.၂၀၁၁ မှ ယနေ့အထိ
	တရားသူကြီး ဦးမြင့်သိန်း	၃၀.၃.၂၀၁၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်မိမိမော်	၃.၁၁.၂၀၂၁ မှ ယနေ့အထိ
မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်	တရားသူကြီးချုပ်ဝဏ္ဏကျော်ထင်ဒေါ်ခင်သင်းဝေ	၇.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်လှမြင့်	၁၅.၇.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဦးခင်မောင်ထွန်း	၁၇.၉.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဦးမြင့်ဆန်း	၂၈.၅.၂၀၂၀ မှ ယနေ့အထိ

	တရားသူကြီးဒေါ်ခင်စန်းမြင့်	၂၇.၇.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီးဒေါ်ကြည်ကြည်စိန်း	၃.၁၂.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်သစ်ဆွေ	၇.၂.၂၀၂၁ မှ ယနေ့အထိ
မွန်ပြည်နယ်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင်ဦးညီညီစိုး	၁.၃.၂၀၂၁ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်ဌေးမြင့်အေး	၇.၁၂.၂၀၁၇ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ညိုမိစံ	၁.၃.၂၀၂၁ မှ ယနေ့အထိ
ရခိုင်ပြည်နယ်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင်ဒေါ်ဝါဝါထွန်း	၂၈.၁၁.၂၀၁၉ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီးဒေါ်နွယ်နွယ်ခိုင်	၂၇.၁၂.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီးဦးအောင်ထွန်းသိန်း	၂၇.၁၂.၂၀၁၉ မှ ယနေ့အထိ
ရန်ကုန်တိုင်းဒေသကြီး	တရားသူကြီးချုပ် ဒေါ်သင်းသင်းနွဲ့	၇.၂.၂၀၂၁ မှ ၁၄.၃.၂၀၂၂ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင်ဒေါ်စန္ဒာသွယ်	၂၃.၃.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီး ဦးအောင်နိုင်	၁၂.၄.၂၀၁၇ မှ ၁၉.၁.၂၀၂၂ အထိ
	တရားသူကြီးဒေါ်စိုးခက်ခက်	၆.၂.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီးဒေါ်ချိုမာလာ	၂၁.၂.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဦးညိုထွန်း	၇.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးကျော်စွာငြိမ်း	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ထားထား	၁၉.၁.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီးဒေါ်နုနုခင်	၂၃.၃.၂၀၂၂ မှ ယနေ့အထိ
ရှမ်းပြည်နယ်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင်ဦးကြွယ်ကြွယ်	၃၀.၃.၂၀၁၁ မှ ၅.၁၂.၂၀၂၂အထိ
တရားလွှတ်တော်	တရားသူကြီးချုပ်ဦးသန်းဦးလွင်	၅.၁၂.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်စန္ဒာအောင်	၃.၉.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဦးအောင်သိန်း	၃. ၉.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီးဒေါ်နန်းမေယဉ်	၅.၁၂.၂၀၂၂ မှ ယနေ့အထိ
ဧရာဝတီတိုင်းဒေသကြီး	တရားသူကြီးချုပ် ဦးမျိုးညွန့်	၃.၁၂.၂၀၂၀ မှ ၁၂.၁.၂၀၂၂ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ် ဝဏ္ဏကျော်ထင်ဦးဝင်းမြင့်	၁၁.၁.၂၀၂၂ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်	၂၁.၁၂.၂၀၁၇ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်မိုးမိုးအေး	၃.၁၂.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဦးဝင်းမြိုင်	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီးဒေါ်ခင်စန်းဝင်း	၁၁.၁.၂၀၂၂ မှ ယနေ့အထိ

** အစီရင်ခံစာထုတ်ပြန်သည့် ၂၀၂၂ ခုနှစ်အတွင်း အကျုံးဝင်သည့် တရားသူကြီးများနှင့်ခန့်အပ်တာဝန်ပေးသည့် ရက်စွဲများကိုဖော်ပြထားခြင်းဖြစ်ပါသည်။*

ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတရားရုံး

ခရိုင်တရားရုံးသည် ခရိုင်အသီးသီးတွင်တည်ရှိပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတို့ တည်ထောင်ထားရှိပါသည်။ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသတရားရုံးတို့သည် တတိယအမြင့်ဆုံးတရားရုံး ဖြစ်ပါသည်။

၂၀၂၂ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၅/ ၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ ယခင်ခရိုင်အဆင့်တရားရုံး ၇၅ ရုံးမှ ယခုအခါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး(၁)ရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး(၅)ရုံးအပါအဝင် ခရိုင်အဆင့်တရားရုံး ၁၂၅ ရုံး အထိ တိုးချဲ့ဖွဲ့စည်းထားရှိပါသည်။[၃] ခရိုင်အဆင့်ဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ တရားရုံးများနှင့် ခရိုင်တရားရုံးများ၏တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင်ဖော်ပြထားပါသည်။ ခရိုင်တရားရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ပေးခန့်အပ်ထားသော ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီးနှင့် ဒုတိယခရိုင်တရားသူကြီးတို့ ခန့်အပ်ထားရှိပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ တရားရုံးတို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးနှင့် ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးတို့ခန့်အပ်ထားရှိပါသည်။

ခရိုင်တရားရုံးတွင် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကိုကြားနာခွင့်ရှိပြီး၊ လက်အောက်ခံတရားရုံးများကချမှတ်လိုက်သော စီရင်ချက်၊ ဒီကရီနှင့် အမိန့်များအပေါ် အယူခံနှင့်ပြင်ဆင်မှု စီရင်ပိုင်ခွင့် အာဏာများလည်း ရှိပါသည်။ ခရိုင်တရားရုံးရှိအမှုများကို တရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ပါသည်။ လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့် စစ်ဆေးစီရင်နိုင်ပါသည်။

ခရိုင်တရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာတရားလွှတ်တော်၏ လမ်းညွှန်ချက်များနှင့်အညီ ၎င်းတို့၏သက်ဆိုင်ရာစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးများအားလုံး၏ တရား စီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရန်တာဝန်ရှိသည်။

၃၁-၁၂-၂၀၂၂ ရက်နေ့အထိ ခရိုင်တရားရုံးများတွင် ခရိုင်တရားသူကြီးများအပါအဝင် ခရိုင်အဆင့်တရားသူကြီး စုစုပေါင်း (၂၅၂) ဦး၊ ခရိုင်တရားသူကြီး၏ ကြီးကြပ်မှုအောက်တွင် စီမံတာဝန်ထမ်းဆောင်နေသည့် တရားရေးဝန်ထမ်းအဆင့်(၄)/ ဒုတိယဦးစီးမှူး (၃၃) ဦး တို့ တာဝန် ထမ်းဆောင်လျက်ရှိပါသည်။

[၃] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၁၇-၈-၂၀၂၂)ရက်စွဲပါအမိန့်ကြေငြာစာအမှတ် ၅၅၉/၂၀၂၂မှ ၅၇၄/၂၀၂၂ အထိ





ခရိုင်တရားသူကြီး(အမျိုးသား/အမျိုးသမီး) ဝတ်စားဆင်ယင်ပုံ

ခရိုင်တရားရုံးများ/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ တရားရုံးများတွင် တာဝန်ထမ်းဆောင်နေကြသည့် တရားသူကြီးများ၏ ပြစ်မှုနှင့်တရားမစီရင်ပိုင်ခွင့်အာဏာများ

ခရိုင်/တွဲဖက်ခရိုင်တရားသူကြီး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားသူကြီး

- ဥပဒေကခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်မဆိုချမှတ်နိုင်သည့် ရာဇဝတ်မူလမှု စီရင်ပိုင်ခွင့်
- ကျပ်သိန်း၃၀၀၀၀ထက် မပိုသည့် အမှုတန်ဖိုးရှိသည့် တရားမမှုများအပေါ် မူလမှု စီရင်ပိုင်ခွင့်
- နယ်နမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့်ပြင်ဆင်မှုစီရင်ပိုင်ခွင့်

ဒုတိယခရိုင်တရားသူကြီး
ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားသူကြီး

- ဥပဒေကခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်မဆိုချမှတ်နိုင်သည့် ရာဇဝတ်မူလမှု စီရင်ပိုင်ခွင့်
- ကျပ်သိန်း၁၅၀၀၀ထက်မပိုသည့် အမှုတန်ဖိုးရှိသည့် တရားမမှုများအပေါ် မူလမှု စီရင်ပိုင်ခွင့်
- နယ်နမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့်ပြင်ဆင်မှုစီရင်ပိုင်ခွင့်

မြို့နယ်တရားရုံးသည်မူလရုံးဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ထိ စာရင်းအရ မြို့နယ်တရားရုံး စုစုပေါင်း (၃၃၀) ရုံးဖွဲ့စည်းထားရှိပါသည်။ မြို့နယ်တရားရုံးတစ်ရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ပေးခန့်အပ်ထားသော မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီး နှင့် ဒုတိယမြို့နယ်တရားသူကြီး တို့ ခန့်အပ်ထားရှိပါသည်။

မြို့နယ်တရားရုံးများသည် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးစလုံးကို ကြားနာနိုင်သည့် မူလမှုစီရင်ပိုင်ခွင့်ရှိပါသည်။ မြို့နယ်တရားရုံးရှိအမှုများကိုတရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ပါသည်။

၃၁-၁၂-၂၀၂၂ရက်နေ့အထိ မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးများအပါအဝင် မြို့နယ်အဆင့်တရားသူကြီး စုစုပေါင်း (၈၀၃)ဦး တို့ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။





မြို့နယ်တရားသူကြီး(အမျိုးသား/အမျိုးသမီး) ဝတ်စားဆင်ယင်ပုံ

မြို့နယ်တရားရုံးများတွင် တာဝန်ထမ်းဆောင်နေကြသည့် တရားသူကြီးများ၏ ပြစ်မှုနှင့်တရားမစီရင်ပိုင်ခွင့်အာဏာများ





ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ

သီးခြားမှုခင်းကိစ္စရပ်များကို ကြားနာစစ်ဆေးရန်အတွက် ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများကို ယေဘုယျအားဖြင့် မြို့နယ်အဆင့်တရားရုံးနှင့်တန်းတူ တည်ထောင်ထားပါသည်။ အဆိုပါတရားရုံးများတွင် အောက်ပါတို့ ပါဝင်ပါသည်-

- ကလေးသူငယ်တရားရုံးများ
- စည်ပင်သာယာတရားရုံးများ
- မော်တော်ယာဉ်တရားရုံးများ

ကလေးသူငယ်တရားရုံးများ

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ ကလေးသူငယ်များကျူးလွန်သည့် ပြစ်မှုများကို ကြားနာစစ်ဆေးရန်အတွက် ကလေးသူငယ်တရားရုံးများကို သီးခြားတည်ထောင်ထားပါသည်။ မြို့နယ်အဆင့် တရားရုံးများဖြစ်သော်လည်း ကလေးသူငယ်တရားသူကြီးသည် မှုခင်း၏ကြီးလေးမှုနှင့်မသက်ဆိုင်ဘဲ ပြစ်ဒဏ်အားလုံးကို စီရင်နိုင်သည့်သီးခြားစီရင်ပိုင်ခွင့်အာဏာရှိပါသည်။

ကလေးသူငယ်တရားရုံး(ရန်ကုန်)သည် ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နမိတ်အတွင်းရှိ မြို့နယ် (၂၀) တွင် ဖြစ်ပွားသောကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်တရားရုံး(မန္တလေး)သည် မန္တလေးမြို့တော်စည်ပင်သာယာနယ်နမိတ်အတွင်းရှိ မြို့နယ် (၅) မြို့နယ်တွင်ဖြစ်ပွားသောကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်း ဖြစ်ပါသည်။ ထိုတရားရုံးများတွင် ကလေးသက်သေစစ်မေးခန်းအပါအဝင် တရားရုံးအထောက်အကူပြု ကိရိယာ

ပစ္စည်းများနှင့် ကလေးသူငယ်များ သက်သောင့်သက်သာရှိစေမည့် ပတ်ဝန်းကျင်ကိုဖန်တီးပေးရန်အတွက် ပစ္စည်းများတပ်ဆင်ထားပါသည်။

ဖော်ပြပါရုံးများအပြင် ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာမြို့နယ်တရားရုံးတွင် ကလေးသူငယ် မှုခင်းများကို စစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံးကိုပါ ပူးတွဲဖွင့်လှစ်ထားရှိပါသည်။

စည်ပင်သာယာတရားရုံးများ

စည်ပင်သာယာမှုခင်းများကို လျင်မြန်ထိရောက်စွာစစ်ဆေးစီရင်နိုင်ရန် စည်ပင်သာယာတရားရုံးများ တည်ထောင်ထားရှိပါသည်။ စည်ပင်သာယာတရားရုံးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် သီးခြားဖွင့်လှစ်ထားပါသည်။

မော်တော်ယာဉ်တရားရုံးများ

ယာဉ်စည်းကမ်းနှင့်လမ်းစည်းကမ်းချိုးဖောက်သူများကို စစ်ဆေးစီရင်ရန်အတွက် မော်တော်ယာဉ် တရားရုံး များကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် သီးခြားဖွင့်လှစ်ထားပါသည်။

တရားရုံးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို အထောက်အကူပြု သည့် ကော်မတီနှင့်အဖွဲ့များ ဖွဲ့စည်းထားရှိပါသည်။ ထိုကော်မတီများသည် တရားစီရင်ရေးရာ ကိစ္စရပ်များနှင့် တရားရုံးစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖွဲ့စည်းထားသည့်ကော်မတီများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သော “ ပြည်ထောင်စုတရားလွှတ်တော် ချုပ်စီမံခန့်ခွဲရေးကော်မတီ ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း ဦးဆောင်သော “ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း ဦးဆောင်သော “ မြန်မာနိုင်ငံ တရားစီရင်ထုံးပြုစုရေးအဖွဲ့ ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သော “မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သော “တရားရုံးက ဦးဆောင် သည့်စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ”

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သော “စာချွန်တော်လျှောက်ထားမှု အပြီးသတ်အဓိန့်များ စိစစ်ရွေးချယ်ရေးအဖွဲ့”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးမောင် ဦးဆောင်သော “ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲသောဥပဒေများစိစစ်ရေးအဖွဲ့”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးမောင် ဦးဆောင်သော “ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ၏ တရားစီရင်ရေးစနစ်များအားလေ့လာပြီး အကြံပြုချက်ရေးသားပြုစုရေးအဖွဲ့”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးကြည်သိန်း ဦးဆောင်သော “ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အရေးယူဆောင်ရွက်ရန် အကြောင်းကြားလာသည့်ကိစ္စများနှင့် စပ်လျဉ်း၍ စိစစ် ပြန်ကြားရေးအဖွဲ့”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးကြည်သိန်း ဦးဆောင်သော “တရားရုံးများလက်စွဲ (ပထမတွဲ) ပြုစုထုတ်ဝေရေးအဖွဲ့”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးခင်မောင်ကြီး ဦးဆောင်သော “e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးတင်ဟုန် ဦးဆောင်သော “စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသောင်းနိုင် ဦးဆောင်သော “ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှဖွင့်လှစ်သော သင်တန်းများအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမှတ်စုများပြုစုရေးအဖွဲ့”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကို ဦးဆောင်သော “အထူးအယူခံမှုစီရင်ချက်များစာအုပ်ထုတ်ဝေရေးအဖွဲ့”

တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏လုပ်ငန်းများကို သီးသန့်ဆောင်ရွက်ရန် ရည်ရွယ်၍ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ အထက်ဖော်ပြပါ ကော်မတီများတွင် အဆင့်မြင့်တရားရေးအရာရှိကြီးများက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဖွဲ့စည်းပုံ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းတာဝန်များကို ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့ကတာဝန်ယူဆောင်ရွက်ပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်၏ ကြီးကြပ်မှုအောက်တွင် ဌာနခွဲနှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ကြီးကြပ်မှုအောက်တွင် စီမံခန့်ခွဲရေးနှင့်ဝန်ထမ်းရေးရာ၊ ဘတ်ဂျက်နှင့် ထောက်ပံ့၊ လေ့ကျင့်၊ e-Government ၊ သတင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် သုတေသနလုပ်ငန်းများအတွက် ဌာနကြီးခြောက်ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။



ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ ကြီးကြပ်မှုအောက်တွင် တရားသူကြီးများရုံးထိုင်ခြင်းနှင့် စီရင်ချက်များအတည်ပြုခြင်းအပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏တရားစီရင်ရေးလုပ်ငန်းများ၊ ဥပဒေများသုံးသပ်ခြင်းနှင့်မူကြမ်းရေးဆွဲခြင်း၊ လက်အောက်ခံတရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းများနှင့် ရှေ့နေရှေ့ရပ်ကိစ္စများကိုကြီးကြပ်ရန်အတွက် ဌာနကြီးခြောက်ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ယခင်ကပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၏ ကြီးကြပ်မှုအောက်တွင် ဌာနကြီး(၅)ခု ဖွဲ့စည်းထားရှိသော်လည်း အစီရင်ခံသည့်နှစ်အတွင်း အငြင်းပွားမှုဖြေရှင်းရေးနှင့်အထူးမှုခင်းကိစ္စရပ်များဌာနအား ထပ်မံဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ [၄]

[4] ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၏ ၂၀-၅-၂၀၂၂ရက်စွဲပါ ရုံးတွင်းစာအမှတ်၊ ၁၃၅/၂၀၂၂



ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့်ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများကို စီမံဆောင်ရွက်ပါသည်။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသောဘဏ္ဍာရေးနှစ်တွင် ကောက်ခံရမည့်ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်ငွေ (သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်) တို့ကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်အား လုပ်ပိုင်ခွင့်အပ်နှင်း၍ ဆောင်ရွက်ပါသည်။

အမြဲတမ်းအတွင်းဝန်သည် ၎င်းအားအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ ဌာနဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား ထပ်မံ၍လွှဲအပ်နိုင်သည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသောရငွေများအား စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်ငွေများအား စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့/လေ့ကျင့်) သို့လည်းကောင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် သို့လည်းကောင်း အပ်နှင်းဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့/လေ့ကျင့်) သည် ၎င်းအားအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ ဌာနဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား ထပ်မံ၍ လွှဲအပ်နိုင်သည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသောရငွေများအား စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်ငွေများအား စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စု

တရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူး (ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန) သို့လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေး ဦးစီးမှူးများသို့လည်းကောင်း အပ်နှင်းဆောင်ရွက်ပါသည်။

ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများကို စီမံကြိုးကြပ်ရန်အတွက် ဌာနတွင်းစာရင်းစစ်ဆေးခြင်း လုပ်ငန်းများကိုဆောင်ရွက်ရန် ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးဦးဆောင်သည့် "ဌာနတွင်းစာရင်းစစ်အဖွဲ့" ကို ဖွဲ့စည်းထားရှိပြီး၊ ဌာနတွင်းစာရင်းစစ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ပံ့ပိုးကူညီရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး အမြဲတမ်းအတွင်းဝန်ဦးဆောင်သည့် "စာရင်းစစ်ကော်မတီ" ကို ဖွဲ့စည်းထားရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ၂၀၂၂ ခုနှစ်အတွက် ဘဏ္ဍာငွေခွဲဝေရရှိမှုအနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့်ငွေလုံးငွေရင်းအသုံး စရိတ်ငွေအားလုံး၏ ၀.၁၉၅% ကိုလည်းကောင်း၊သာမန်အသုံးစရိတ်ငွေအားလုံး၏ ၀.၀၈၁% ကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးသည့် ငွေလုံးငွေရင်းအသုံးစရိတ် ငွေအားလုံး၏ မူလခန့်မှန်းခြေ ၀.၂၁၂% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ်ငွေအားလုံး၏မူလခန့်မှန်းခြေ ၀.၀၈၅%ကိုလည်းကောင်းခွဲဝေရရှိခဲ့ပါသည်။

၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်အတွက် ခွင့်ပြုငွေနှင့် သုံးစွဲမှုအခြေအနေ (ကျပ်သန်းပေါင်း)

စဉ်	ငွေစာရင်းခေါင်းစဉ်	ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရရှိမှုရာခိုင်နှုန်း		သုံးစွဲမှုအခြေအနေ	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
		၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃			
၁	ငွေလုံးငွေရင်းအသုံးစရိတ်	၀.၁၉၅%	၀.၂၁၂%	ခွင့်ပြုငွေ	၈၉၀၁.၈၁၁	၁၆၉၁၀.၂၇၄
				အမှန်သုံးငွေ	၈၃၃၃.၁၁၄	၁၁၂၆၄.၀၀၇
၂	သာမန်အသုံးစရိတ်	၀.၀၈၁%	၀.၀၈၅%	ခွင့်ပြုငွေ	၁၀၃၇၆.၈၇၀	၂၀၅၅၃.၃၃၇
				အမှန်သုံးငွေ	၈၅၈၅.၄၆၇	၁၃၉၄၇.၄၄၀

မှတ်ချက်

(၁) ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ငွေလုံးငွေရင်းအသုံးစရိတ်ရရှိမှု ၀.၂၁၂% အနက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရရှိမှုသည် ၀.၂၀၈% ဖြစ်ပြီးပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး၏ရရှိမှုသည် ၀.၀၀၄% ဖြစ်ပါသည်။

(၂) ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သာမာန်အသုံးစရိတ်ရရှိမှု ၀.၀၈၅% အနက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရရှိမှုသည် ၀.၀၇၀% ဖြစ်ပြီးပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး၏ရရှိမှုသည် ၀.၀၁၅% ဖြစ်ပါသည်။

ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ဘဏ္ဍာငွေခွဲဝေပေးခြင်း

ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ စတင်တည်ထောင်သည့် ၂၀၁၈ ခုနှစ်မှစ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ခွဲဝေရရှိသည့်ဘဏ္ဍာငွေများကို ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ နှစ်စဉ်ပြန်လည်ခွဲဝေပေးခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်ရရှိသည့် ဘဏ္ဍာငွေများအနက် ငွေလုံးငွေရင်းအသုံးစရိတ် ၀.၄၀၁% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ် ၂၁.၆၃၁% ကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ရရှိသည့်ဘဏ္ဍာငွေများအနက် ငွေလုံးငွေရင်းအသုံးစရိတ် ၁.၉၅၃% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ် ၁၇.၆၁၅% ကိုလည်းကောင်း ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ခွဲဝေပေးခဲ့ပါသည်။ ခွဲဝေပေးခဲ့သည့်ဘဏ္ဍာငွေများကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်။

၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့
ဘဏ္ဍာငွေခွဲဝေပေးသည့်အခြေအနေ (ကျပ်သန်းပေါင်း)

စဉ်	ငွေစာရင်းခေါင်းစဉ်	ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရရှိသည့်ဘဏ္ဍာငွေ (ကျပ်သန်းပေါင်း)		ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ခွဲဝေပေးသည့် ဘဏ္ဍာငွေ (ကျပ်သန်းပေါင်း)		ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ခွဲဝေပေးသည့် ရာခိုင်နှုန်း	
		၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁။	ငွေလုံးငွေရင်းအသုံးစရိတ်	၈၉၀၁.၈၁၁	၁၆၉၁၀.၂၇၄	၃၅.၂၇၉	၃၃၀.၂၃၀	၀.၄၀၁%	၁.၉၅၃ %
၂။	သာမန်အသုံးစရိတ်	၁၀၃၇၆.၈၇၀	၂၀၅၅၃.၃၃၇	၂၂၄၄.၆၁၃	၃၆၂၀.၃၈၃	၂၁.၆၃၁ %	၁၇.၆၁၅ %

အပိုင်း - ၂

၂၀၂၂ ခုနှစ်အတွင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏

ကြိုးပမ်းဆောင်ရွက်မှုများ

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုလျော့ကျသည့်ကာလအတွင်း တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို နည်းပညာအသုံးပြု ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကာလအတွင်း တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများတွင် နည်းပညာအသုံးပြုဆောင်ရွက်ခြင်းကို မြှင့်တင်ဆောင်ရွက်ခဲ့သည့်နည်းတူ ကပ်ရောဂါကူးစက်မှုလျော့ကျသည့်ကာလတွင်လည်း စစ်ဆေးဆောင်ရွက်ဆဲအမှုများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ၊ တရားရုံးနှင့်ဆက်နွယ်သည့်ဆက်စပ်အဖွဲ့အစည်းများ၊ အမှုသည်များ၊ အချုပ်တရားခံများ ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေး၊ တရားစီရင်ရေးနှင့် တရားရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်စေရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အရှိန်မဟုန်မပျက်စေရေးတို့အတွက် တရားရုံးနည်းပညာကို အသုံးပြုဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တရားရုံးအဆင့်ဆင့်က လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် လိုအပ်သောလုပ်ထုံးလုပ်နည်းများကို ညွှန်ကြားချက်များထုတ်ပြန်၍ လမ်းညွှန်ခဲ့သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်တို့သည် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ၊ တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများနှင့် သင်တန်းများကို တရားရုံးနည်းပညာအသုံးပြု၍ အရှိန်အဟုန်မပျက်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အထူးအယူခံခုံရုံးများဖြင့် ရုံးထိုင်ကြားနာခြင်း

၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် တရားမအထူးအယူခံမှု အမှတ် ၃၇/၂၀၂၀ (ဧရာဝတီ) ၊ ၄၂/၂၀၂၀ (ရန်ကုန်) နှင့် ၁၉/၂၀၂၁ (ရန်ကုန်)၊ စုစုပေါင်း တရားမ အထူးအယူခံမှု (၃) မှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့သည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်အထူးအယူခံခုံရုံးများကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာစဉ်

တရားရုံးနည်းပညာအသုံးပြုစီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ကိုဗစ်ကပ်ရောဂါကာလအတွင်း ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကို နည်းပညာအသုံးပြု၍ကျော်လွှားနိုင်ခဲ့သကဲ့သို့ ကိုဗစ်ကပ်ရောဂါကူးစက်မှုလျော့ကျသည့်ကာလ တွင်လည်း တရားရုံးနည်းပညာများကို ပိုမိုတွင်ကျယ်စွာအသုံးပြုကာ ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် "e-Office စနစ်ကျင့်သုံးနိုင်ရေး၊ e-Court များတည်ဆောက်နိုင်ရေး၊ e-Litigation စနစ်ဖော်ဆောင်ရေး" စသည့် e-Government ဆိုင်ရာဦးတည်ချက်(၃)ရပ်ဖြင့်တရားရုံးနည်းပညာအသုံးပြုစီမံကိန်းများကို တိုးမြှင့်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

တရားသူကြီးများ၊ ရှေ့နေရှေ့ရပ်များ၊ တရားရုံးအသုံးပြုသူများနှင့် အများပြည်သူက တရားစီရင်ထုံး များကို အလွယ်တကူလျင်မြန်စွာ ရှာဖွေအသုံးပြုနိုင်ရန်၊ တရားခွင်အတွင်း တရားသူကြီးများ၊ ရှေ့နေများမှ ကိုးကားစီရင်ချက်များအား လျင်မြန်စွာရှာဖွေကြည့်ရှုနိုင်ရန် တရားစီရင်ထုံးအကြောင်းအရာများ ရှာဖွေခြင်း စနစ် Ruling Content Management System (RCMS) ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ပါသည်။ ယင်းစနစ်တွင် ၁၉၂၃ ခုနှစ်မှ ၂၀၁၉ ခုနှစ် အထိ စီရင်ထုံးများအပြင် တရားရုံးများလက်စွဲ Burma (Myanmar) Court Manual (BCM) (အတွဲ ၁ နှင့် အတွဲ ၂) ပါထည့်သွင်းဖော်ပြထားပါသည်။ အများပြည်သူ

ပိုမိုလက်လှမ်းမီစေရန် RCMS Mobile Application ဖြင့် အသုံးပြုနိုင်ရန် အကောင်အထည်ဖော်ခဲ့ပါသည်။

စာရွက်စာတမ်းများအသုံးပြုမှုကို လျော့ချနိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး စာကြည့်တိုက်ရှိ စာအုပ်စာတမ်းများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြန်တမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ နိုင်ငံတော်ပြန်တမ်းများနှင့် နေ့စဉ်ထုတ်သတင်းစာများကို နိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံးက Online မှ တစ်ဆင့်ကြည့်ရှုလေ့လာအသုံးပြုနိုင်သည့် e-Library စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စာကြည့်တိုက်စီမံခန့်ခွဲမှု စနစ်တကျဖြစ်စေရန် Library Management System ကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ စတိုခန်းများ၌ အမှုတွဲဟောင်းများနှင့် အမိန့်များ/ စီရင်ချက်များ၊ အရေးကြီးစာရွက်စာတမ်းများကို Digitize ပြုလုပ်ဆောင်ရွက်ခြင်း၊ စနစ်တကျသိမ်းဆည်းခြင်း၊ လွယ်ကူစွာရှာဖွေအသုံးပြုနိုင်သည့် စာရွက်စာတမ်းစီမံခန့်ခွဲမှုစနစ် (Document Management System) ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အစည်းအဝေးသို့တင်ပြသည့် အမှာစာများ၊ ရာဇဝတ်၊ တရားမ၊ စာချုန်တော်ဌာနများ၏ အမှုတွဲများ၊ ရှေ့နေရေ့ရပ်ဆိုင်ရာ စာရွက်စာတမ်းများကို Digitization ပြုလုပ်၍ Database ဖြင့် စနစ်တကျထိန်းသိမ်းကာ ဌာနအသီးသီးက လျင်မြန်လွယ်ကူစွာ ပြန်လည်ရှာဖွေကြည့်ရှုနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်ရှိ အရာထမ်းများနှင့် အမှုထမ်းများ၏ ကိုယ်ရေးအချက်အလက်များကို လွယ်ကူလျင်မြန်စွာ ရှာဖွေထုတ်ယူနိုင်မည့် ဝန်ထမ်းစီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယင်းစနစ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ အရာထမ်း၊ အမှုထမ်းများ၏ ကိုယ်ရေးအချက်အလက်များ၊ ရာထူးခန့်အပ်/ ကူးပြောင်းခြင်း၊ ခွင့်များ၊ ပင်စင်များနှင့် ဝန်ထမ်းအင်အားစာရင်း၊ လုပ်သက်နှစ်အစီရင်ခံစာများ စသည့် အချက်အလက်များကို Database စနစ်တည်ဆောက်ထားပြီး တာဝန်ရှိသူများအနေဖြင့် အချိန်တိုအတွင်း ရှာဖွေကြည့်ရှု၍ စီမံခန့်ခွဲနိုင်ရန် ဖြစ်ပါသည်။

အမှုသည်များ၊ ရှေ့နေများနှင့် တရားရုံးအသုံးပြုသူများအနေဖြင့် တရားစီရင်ရေးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို လွယ်ကူလျင်မြန်စွာ ကိုယ်တိုင်ရှာဖွေနိုင်ရန် တရားရုံးသတင်းအချက်အလက်ဆိုင်ရာစနစ် Court Information System ကို ဆောင်ရွက် ပြီးပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့ရှိ Intake Counter များ၌ Touch Screen များ တပ်ဆင်နိုင်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့် အပြန်အလှန်ဆက်သွယ်၍ သတင်းအချက်အလက်များပေးပို့ဖလှယ်နိုင်သည့် ကိုယ်ပိုင် e-Mail စနစ်တစ်ခုကို @usc.gov.mm Domain ဖြင့် အကောင်အထည်ဖော်ခဲ့ပါသည်။ အဆိုပါ Mail စနစ်ကို နိုင်ငံတစ်ဝန်းရှိတရားရုံးအားလုံးက အဆင်ပြေကောင်းမွန်စွာအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး Online ဖြင့် သင်တန်းများ စီစဉ်ပို့ချပေးခဲ့ပါသည်။ ယခုအခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များနှင့် တရားရုံးအဆင့်ဆင့်အနေဖြင့် တွင်ကျယ်စွာ အသုံးပြုလျက်ရှိပါသည်။ ထို့ပြင် ဗီဒီယိုကွန်ဖရင့်စနစ်ကိုအသုံးပြု၍ တရားစီရင်ရေး

နှင့်စီမံခန့်ခွဲရေးတာဝန်များကို နိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံးက ဆက်လက်ဆောင်ရွက်နိုင်စေရန် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ Mini Data Center အား နည်းပညာအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်များ၌ Network Infrastructure များ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါသည်။ ထို့ပြင် တရားရေးသင်တန်းကျောင်း၌ Network များတည်ဆောက်ခြင်း၊ CCTV စနစ်တပ်ဆင်ခြင်း၊ နည်းပညာဆိုင်ရာသင်ထောက်ကူပစ္စည်းများတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ တရားရေးကောလိပ်အပါအဝင် ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ (၁၆၇) ရုံးတွင် အင်တာနက်ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတစ်ဝန်းရှိ စုစုပေါင်း တရားရုံး(၃၀၁)ရုံးအတွက် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

သက်သေများအား ဗီဒီယိုကွန်ဖရင့်စနစ် (Video Conferencing System) ဖြင့် စစ်ဆေးစီရင်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်တို့သည် မှုခင်းများ စစ်ဆေးစီရင်ရာတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များကို တရားရုံးအားလုံးက တစ်ပြေးညီဆောင်ရွက်နိုင်စေရန် လိုအပ်သည့်ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တရားရုံးအဆင့်ဆင့်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ကို အသုံးပြု၍ သက်သေများအားစစ်ဆေးခဲ့ရာ တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့် အမှုစစ်ဆေးသည့် အကြိမ်အရေအတွက် ၃၆၇ ကြိမ်တွင် သက်သေဦးရေ ၄၇၆ ဦးကို စစ်ဆေးနိုင်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း သက်သေများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် စစ်ဆေးစီရင်နိုင်မှုအခြေအနေကို **နောက်ဆက်တွဲ (ခ)** အဖြစ် ဖော်ပြပါသည်။

သီးသန့်တရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်း

နိုင်ငံတော်အားအရေးပေါ်အခြေအနေ [1] ကြေညာပြီးနောက်ပိုင်း တရားရုံးအသီးသီးသို့ စွဲဆိုတင်ပို့လာသည့် မှုခင်းများနှင့်စပ်လျဉ်း၍ လုံခြုံရေးအခြေအနေအရ ရုံးရှေ့သို့တင်ပို့ရန်အခက်အခဲရှိသော အချုပ်တရားခံပါ ရာဇဝတ်မှုများအတွက် တရားစီရင်ရေးအဆင်ပြေချောမွေ့စေရန်လည်းကောင်း၊ အမှုများကြန့်ကြာမှုမရှိစေရန်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးသန့်တရားရုံးများဖွဲ့စည်း၍ စစ်ဆေးစီရင်ရန်တာဝန်ပေးအပ်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်းတိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ မြို့နယ်တရားရုံးများ၌ သီးသန့်တရားရုံးများသို့ စွဲဆိုတင်ပို့ခဲ့သောအမှု ၈၄၄၄ မှုအနက် ယခင်နှစ်လက်ကျန်မှုများအပါအဝင် ၁၀၆၃၅ မှု စစ်ဆေးပြီးပြတ်ခဲ့ရာ တစ်နိုင်ငံလုံး ရာဇဝတ်မှုစစ်ဆေးပြီးပြတ်မှုအရေအတွက်၏ ၄.၇% စစ်ဆေးပြီးပြတ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် သီးသန့်တရားရုံးဖြင့်စစ်ဆေးပြီးပြတ်မှုသည် ၂.၄ % ဖြစ်၍ ယခု ၂၀၂၂ ခုနှစ်တွင် ယခင်နှစ်ကထက်ပိုမိုပြီးပြတ်အောင် စစ်ဆေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

[1] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ နိုင်ငံတော် သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် အမှတ် ၁/၂၀၂၁ ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁။

သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့် အမှုအရေအတွက်ကို **နောက်ဆက်တွဲ(ဂ)**ဖြင့်လည်းကောင်း၊ သီးသန့်တရားရုံးထိုင်စစ်ဆေးခဲ့သော တရားသူကြီးဦးရေကို **နောက်ဆက်တွဲ (ဂ-၁)** ဖြင့်လည်းကောင်း ဖော်ပြပါသည်။

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စမ်းသပ်အစီအစဉ်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် "တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်" ကို သတ်မှတ်တရားရုံးများတွင် ၁-၃-၂၀၁၉ ရက်နေ့မှ ၃၁-၇-၂၀၂၂ ရက်နေ့အထိ ၃ နှစ် နှင့် ၅ လတာ ဆောင်ရွက်ခဲ့သည်။ ယင်းကာလအတွင်း စေ့စပ်ဖြေရှင်းရေးဌာန ၅ ခု၌ တရားမမှု စုစုပေါင်း ၃၆၇၈ မှုကို စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခဲ့ရာ ၁၀၃၉ မှုမှာ စေ့စပ်ဖြေရှင်းရေး အောင်မြင်ခဲ့သည့် အတွက် စေ့စပ်ဖြေရှင်းရေးအောင်မြင်မှုမှာ ဆောင်ရွက်သည့် အမှုစုစုပေါင်း၏ ၂၈.၃ % ဖြစ်သည်။

စမ်းသပ်အစီအစဉ်ဆောင်ရွက်သည့်ကာလအတွင်း နှစ်အလိုက် အောင်မြင်မှုရာခိုင်နှုန်းမှာ ပထမနှစ်တွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့်အမှုစုစုပေါင်း၏ ၂၄.၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့်အမှုစုစုပေါင်း၏ ၂၅.၈ ရာခိုင်နှုန်း၊ တတိယနှစ်တွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့် အမှုစုစုပေါင်း၏ ၂၉.၅ ရာခိုင်နှုန်းနှင့် နောက်ဆုံး ၅ လတာတွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့် အမှု စုစုပေါင်း၏ ၂၉.၀ ရာခိုင်နှုန်းဖြစ်သည်။ စမ်းသပ်အစီအစဉ်ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအား အများပြည်သူ ဖတ်ရှုလေ့လာနိုင်ရန်အလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Website ရှိ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကဏ္ဍတွင် ဖော်ပြထားသည်။



တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ဆောင်ရွက်မှုအစီရင်ခံစာဖော်ပြထားပုံ

စေ့စပ်ဖြေရှင်းရေးစနစ်စတင်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ၏ မဟာဗျူဟာရည်မှန်းချက် ၅.၃ အရ တရားရုံးက အငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးသော စနစ်များကိုသတ်မှတ်ဆောင်ရွက်ရန် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ကို စမ်းသပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ စမ်းသပ်အစီအစဉ်အား အောင်မြင်စွာ ဆောင်ရွက်ပြီးနောက်တွင် "တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်" ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀-၇-၂၀၂၂ ရက်စွဲပါ စာအမှတ် ၁၆/၁၂၉/ပတခ (၁၆၀၁/၂၀၂၂)အရ နိုင်ငံတစ်ဝန်းရှိတရားရုံးအားလုံးတွင် ၁-၈-၂၀၂၂ ရက်နေ့မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ဌာနများတိုးချဲ့ဖွဲ့စည်းခြင်း

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား စတင်မဆောင်ရွက်မီတွင် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂)၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၏ ဖွဲ့စည်းပုံတွင် "အငြင်းပွားမှုဖြေရှင်းရေးနှင့်အထူးမှုခင်းကိစ္စရပ်များဌာန"ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၏ ၂၀-၅-၂၀၂၂ ရက်စွဲပါ ရုံးတွင်းစာအမှတ် ၁၃၅/၂၀၂၂ ဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်အသီးသီးတွင်လည်း စေ့စပ်ဖြေရှင်းရေးဌာနများကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၏ ၂-၅-၂၀၂၂ ရက်စွဲပါစာအမှတ် ၉/ဖခ၃/အဖရ-၁(၄၁၇/၂၀၂၂) ဖြင့်တိုးချဲ့ဖွဲ့စည်းပြီး၊ ယင်းဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်ရန် အရာထမ်း/အမှုထမ်းများ ကိုလည်း ခန့်ထားတာဝန်ပေးအပ်ခဲ့သည်။

ကနဦးဆောင်ရွက်ချက်များ

ယင်းနောက်တွင်မှ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသည် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်အသီးသီးတွင်ဖွင့်လှစ်မည့် စေ့စပ်ဖြေရှင်းရေးဌာနများ၏ဖွဲ့စည်းမှု၊ စီရင်ပိုင်ခွင့်၊ လုပ်ငန်းတာဝန်များနှင့် ပြင်ဆင်ဆောင်ရွက်ရန်လုပ်ငန်းများကို ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၏ ၁၃-၅-၂၀၂၂ ရက်စွဲပါ စာအမှတ် ၀၃/၀၁(အငြင်းပွားမှု)/၂၀၂၂ ဖြင့် ဖြန့်ဝေခဲ့သည်။ ထို့နောက် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ် တရားရေးဦးစီးမှူးများ၊ စေ့စပ်ဖြေရှင်းရေးအရာရှိများ၊ ခရိုင်တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၇-၅-၂၀၂၂ ရက်နေ့တွင် တစ်ကြိမ်၊ ၉-၇-၂၀၂၂ ရက်နေ့တွင်တစ်ကြိမ် နှင့် ၁၀-၈-၂၀၂၂ ရက်နေ့တွင် တစ်ကြိမ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပနေစဉ်

ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်ကို နိုင်ငံတစ်ဝန်းရှိ တရားရုံးအဆင့်ဆင့်တွင် ကျင့်သုံးမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ၂၅-၇-၂၀၂၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ခြင်း၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးလက်စွဲ စာအုပ်ကို ၂၇-၇-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။



တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးလက်စွဲစာအုပ်

ထို့နောက်တွင် စနစ်အကောင်အထည်ဖော်ရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရမည့် တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းအား ၂၃-၇-၂၀၂၂ ရက်နေ့တွင်လည်းကောင်း၊ စေ့စပ်ဖြေရှင်းရေးအရာရှိများအတွက် “မွမ်းမံသင်တန်းနှင့်ဆရာဖြစ်သင်တန်း” ကို ၂၇-၇-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးက ဖွင့်လှစ်ပို့ချခဲ့သည်။ ယင်းသင်တန်းများသို့ သင်တန်းသားစုစုပေါင်း ၁၀၆၅ ဦး တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးက သင်တန်းပို့ချနေစဉ်





တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသားများ အွန်လိုင်းဖြင့် သင်တန်းတက်ရောက်နေစဉ်

ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်အသီးသီးကလည်း "တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်" ကို ၁-၈-၂၀၂၂ ရက်နေ့မှစတင်၍ နိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံးတွင် ကျင့်သုံးမည်ဖြစ်ကြောင်းကို ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ ရှေ့နေများနှင့် ဥပဒေပညာဌာနမှ တာဝန်ရှိသူများသို့ မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားများကို တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များကဦးဆောင်၍ စနစ်စတင်မဆောင်ရွက်မီ ၂၂-၇-၂၀၂၂ ရက်နေ့မှ ၂၉-၇-၂၀၂၂ ရက်နေ့အတွင်း ကျင်းပခဲ့ကြသည်။



ကချင်ပြည်နယ်တရားလွှတ်တော်၌ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကျင်းပစဉ်

စေ့စပ်ဖြေရှင်းရေးဌာနများဖွင့်လှစ်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်အသီးသီးတွင် စေ့စပ်ဖြေရှင်းရေးဌာန စုစုပေါင်း ၁၅ ခုကို ဖွင့်လှစ်၍ ၁-၈-၂၀၂၂ ရက်နေ့မှစ၍ စေ့စပ်ဖြေရှင်းရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့သည်။ ယင်းတိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနများသည် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ တည်ရှိရာနေရာ၌ပင် ဖွင့်လှစ်ထားရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ တရားရုံးအဆင့်ဆင့်မှ လွှဲပြောင်းပေးပို့လာသော တရားမမူလမှုများကို စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သည်။



မွန်ပြည်နယ်တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာနဖွင့်လှစ်ထားရှိပုံ



စေ့စပ်ဖြေရှင်းရေးအခန်း(မန္တလေး)



စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန်
အမှုသည်များနားနေစောင့်ဆိုင်းရန်နေရာ(ရုန်ကုန်)

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိတရားရုံးအသီးသီးမှလွဲပြောင်းပေးပို့သည့် တရားမမူလမှုများကိုမူ ပျဉ်းမနားခရိုင်တရားရုံးတည်ရှိရာနေရာ၌ ဖွင့်လှစ်ထားသည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန (ပြည်ထောင်စုနယ်မြေ)တွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ပေးသည်။



မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန (ပြည်ထောင်စုနယ်မြေ) ဖွင့်လှစ်ထားရှိပုံ

စေ့စပ်ဖြေရှင်းရေးဆိုင်ရာဆောင်ရွက်ချက်များ

စေ့စပ်ဖြေရှင်းရေးစနစ်စတင်ဆောင်ရွက်သည့် ၁-၈-၂၀၂၂ ရက်နေ့မှ ၃၁-၁၂-၂၀၂၂ ရက်နေ့အထိ ၅ လတာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနများတွင် တရားမမှုစုစုပေါင်း ၂၆၄၅ မှုကို စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခဲ့ပြီး၊ ၅၇၁ မှုမှာ စေ့စပ်ဖြေရှင်းရေး အောင်မြင်ခဲ့သည့် အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့် အမှုစုစုပေါင်း၏ ၂၁.၆ ရာခိုင်နှုန်း ဖြစ်သည်။ ကချင်ပြည်နယ်တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာနနှင့် မွန်ပြည်နယ်တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာနတို့သည် စေ့စပ်ဖြေရှင်းရေးအောင်မြင်မှုရာခိုင်နှုန်း ၃၃.၀ ရာခိုင်နှုန်းဖြင့် အောင်မြင်မှုရာခိုင်နှုန်း အမြင့်ဆုံးဆောင်ရွက်နိုင်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် စေ့စပ်ဖြေရှင်းရေးအမှုအများဆုံးဆောင်ရွက်ခဲ့ရသည့် တိုင်းဒေသကြီးများ ဖြစ်ကြသည်။



၁-၈-၂၀၂၂ ရက်နေ့မှ ၃၁-၁၂-၂၀၂၂ ရက်နေ့အထိ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်မှုအခြေအနေ



တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်မှုအခြေအနေ

စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အမှုစုစုပေါင်း ၅၇၁ မှုတွင် ငွေကြေးဆိုင်ရာအမှု ၄၄၁ မှု ပါဝင်ပြီး အောင်မြင်သည့်အမှုစုစုပေါင်း၏ ၇၇.၂ ရာခိုင်နှုန်းဖြစ်သည်။



စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အမှုများအား အမှုအမျိုးအစားအလိုက်ခွဲခြားပြပုံ

စေ့စပ်ဖြေရှင်းရေးမအောင်မြင်သည့်အမှုစုစုပေါင်း ၂၀၇၄ မှုတွင် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ရန် ချိန်းဆိုသည့်နေ့ရက်၌ အမှုသည်မလာရောက်သဖြင့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နိုင်ခြင်းမရှိဘဲ မအောင်မြင်ရသည့်အမှုအရေအတွက် ၉၈၄ မှုပါဝင်ပြီး မအောင်မြင်သည့်အမှုအရေအတွက်စုစုပေါင်း၏ ၄၇.၄ ရာခိုင်နှုန်းဖြစ်သည်။



စေ့စပ်ဖြေရှင်းရေးမအောင်မြင်ရသည့်အကြောင်းအရင်းများခွဲခြားပြပုံ

စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် ချိန်းဆိုသည့်နေ့တွင် အမှုသည်များလာရောက်ရန် ပျက်ကွက်ရသည့် အဓိကအကြောင်းအရင်းများမှာနယ်မြေဒေသအခြေအနေအရ ခရီးသွားလာရန်ခက်ခဲသည့် အတွက်လည်းကောင်း၊ စေ့စပ်ဖြေရှင်းရေးဌာနတည်ရှိရာနေရာနှင့် အမှုသည်များနေထိုင်ရာဒေသသည် လမ်းခရီးကွာဝေးသည့်အတွက်လည်းကောင်း အမှုသည်များလာရောက်နိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီးအမှုများနှင့်စပ်လျဉ်း၍ တရားရုံးဆောင်ရွက်ချက်များ

၁-၈-၂၀၂၂ ရက်နေ့မှ ၃၁-၁၂-၂၀၂၂ ရက်နေ့အထိ ၅ လတာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အမှုပေါင်း ၅၇၁ မှုရှိသည့်အနက် ၄၀၃ မှုအား တရားရုံးအသီးသီးကအဓိန့်ချမှတ်ပြီးဖြစ်သည်။



တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ တရားရုံးများဆောင်ရွက်မှုအခြေအနေ

စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့်အမှုများအနက် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှအချို့အမှုများသည် ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်ကပင် စတင်စွဲဆိုထားသော တရားမမှုများဖြစ်ပြီး၊ စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီးနောက် တစ်လအတွင်း၌ပင် တရားရုံးကအပြီးသတ်အဓိန့်ချမှတ်နိုင်ခဲ့ကြောင်းတွေ့ရှိရသည်။ သို့ဖြစ်၍တရားရုံးရှိကြန့်ကြာအမှုများမြန်ဆန်ပြီးပြတ်ရေးသည် တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်က တရားစီရင်ရေးအား အထောက်အကူဖြစ်စေနိုင်သည့် အချက်များအနက်တစ်ခုပင်ဖြစ်သည်။

အများပြည်သူအသိပညာပေးအစီအစဉ်ဆိုင်ရာ ဆောင်ရွက်ချက်များ

တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် စတင်ဆောင်ရွက်ချိန်တွင်စနစ်နှင့် စပ်လျဉ်း၍ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးမှ တာဝန်ရှိသူများက ၆-၈-၂၀၂၂ ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကိုရိုက်ကူးထုတ်လွှင့်ခဲ့သည်။



ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးမှ တာဝန်ရှိသူများက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် တွေ့ဆုံမေးမြန်းခြင်းအစီအစဉ် ရိုက်ကူးထုတ်လွှင့်စဉ်

ရန်ကုန်တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် စေ့စပ်ဖြေရှင်းရေးအရာရှိများက ရန်ကုန်တိုင်းဒေသကြီးတွင်တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း၊ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍လည်းကောင်း တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်များကို ၆-၈-၂၀၂၂ ရက်နေ့တွင်တစ်ကြိမ်၊ ၁၈-၈-၂၀၂၂ ရက်နေ့တွင်တစ်ကြိမ်နှင့် ၆-၉-၂၀၂၂ ရက်နေ့တွင်တစ်ကြိမ်စုစုပေါင်းသုံးကြိမ်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင်ရိုက်ကူးထုတ်လွှင့်ခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် စေ့စပ်ဖြေရှင်းရေးအရာရှိများက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်စဉ်

မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် စေ့စပ်ဖြေရှင်းရေးအရာရှိများကလည်း မန္တလေးတိုင်းဒေသကြီးတွင်တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ လည်းကောင်း တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကို ၃၁-၇-၂၀၂၂ ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။



မန္တလေးတိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် စေ့စပ်ဖြေရှင်းရေးအရာရှိများက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် တွေ့ဆုံမေးမြန်းခြင်းအစီအစဉ် ရိုက်ကူးထုတ်လွှင့်စဉ်

ထို့အပြင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သည် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ အသိပညာပေးဗွီဒီယိုအားရိုက်ကူး၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ website တွင် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအတွင်းက လွှင့်တင်ဆောင်ရွက်ခဲ့သည်။ ယင်းဗွီဒီယိုအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် website တွင်လည်း ထပ်ဆင့်လွှင့်တင်ထားပါသည်။



မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က စေ့စပ်ဖြေရှင်းရေးဆိုင်ရာ အသိပညာပေး ဗွီဒီယိုအား လွှင့်တင်ထားစဉ်

ထို့အပြင် တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးလက်ကမ်းစာစောင်အား ပိုးကရင် ဘာသာ၊ စကောကရင်ဘာသာ၊ မွန်ဘာသာ၊ ပအိုဝ်းဘာသာတို့သို့ ပြန်ဆို၍ သက်ဆိုင်ရာပြည်နယ်များတွင်ဖြန့်ဝေအသုံးပြုသည့်အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website တွင်လည်းအများပြည်သူသိရှိလေ့လာနိုင်ရန်ဖော်ပြထားသည်။



ပိုးကရင်ဘာသာ



စကောကရင်ဘာသာ



မွန်ဘာသာ



ပအိုဝ်းဘာသာ

လေ့ကျင့်သင်တန်းရေးရာကိစ္စရပ်များ

အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာနသည် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် စေ့စပ်ဖြေရှင်းရေးအရာရှိများအတွက် သင်တန်းများဖွင့်လှစ်ပို့ချခြင်းအပြင် အသစ်ခန့်အပ်သည့်ဒုတိယမြို့နယ်တရားသူကြီး(၈၀)ဦးအတွက်သင်တန်းပို့ချသရုပ်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။



ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၃၀) တွင်သင်တန်းပို့ချနေစဉ်

တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနအသီးသီးမှ စေ့စပ်ဖြေရှင်းရေး အရာရှိများကလည်းတိုင်းဒေသကြီးတရားရေးဦးစီးမှူး၏ဦးဆောင်မှုဖြင့်သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အတွင်းအခက်အခဲအမျိုးမျိုးကြောင့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းကျွမ်းကျင်မှုသင်တန်း တက်ရောက်ရန် ကျန်ရှိနေသောတရားသူကြီးများနှင့်တရားရေးအရာရှိ(၁၃၈)ဦးအတွက်ဆင့်ပွားသင်တန်းများကို လူကိုယ်တိုင် တက်ရောက်စေခြင်းဖြင့်လည်းကောင်း၊ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း ထပ်ဆင့်ပို့ချခဲ့ကြသည်။



ကရင်ပြည်နယ်တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာနက စေ့စပ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းထပ်ဆင့်ပို့ချနေစဉ်

ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်

တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်အား နိုင်ငံတစ်ဝန်းတွင် ၅ လတာ အကောင်အထည်ဖော်ဆောင်ရွက်မှုရလဒ်နှင့်အတွေ့အကြုံများအရစေ့စပ်ဖြေရှင်းစနစ်အားအများပြည်သူပိုမိုလက်လှမ်းမီနိုင်ရေးနှင့်တာဝန်ခံနိုင်မှုအပြည့်အဝရှိသောစေ့စပ်ဖြေရှင်းစနစ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(National Case Management Program-NCMP) အကောင်အထည် ဖော်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ၏ မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅ - ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့်တရားရုံးကဆောင်ရွက်သောအထူးမှုခင်း ကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတစ်ဝန်းရှိတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အကောင် အထည်ဖော်လျက်ရှိရာ ၂၀၂၂ ခုနှစ်တွင် ခရိုင်တရားရုံး (၉) ရုံးနှင့် မြို့နယ်တရားရုံး (၄၇) ရုံးတွင် ထပ်မံတိုးချဲ့ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အပြီးသတ်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (NCMP)တွင် အပိုင်း(၅) ပိုင်းပါရှိပြီး အပိုင်း(၁) တရားမျှတမှု လက်လှမ်းမီခြင်း၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အစီအစဉ်အတွက်စီမံခန့်ခွဲခြင်း၊ အပိုင်း(၂) တရားရုံး စစ်တမ်းကောက်ယူခြင်း၊ အပိုင်း(၃) မှုခင်းစီမံခန့်ခွဲမှုစနစ်၊ အပိုင်း(၄) မှုခင်းခြေရာကောက်စနစ်နှင့် အပိုင်း (၅) စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ပါဝင်ပါသည်။

၂၀၂၂ ခုနှစ်၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ လေ့ကျင့်ဌာနက တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များနှင့် ပူးပေါင်း၍ မှုခင်းစီမံခန့်ခွဲမှုသင်တန်းနှင့် မှုခင်းခြေရာကောက်စနစ်သင်တန်းကို Online မှတစ်ဆင့်ဖွင့်လှစ်ပို့ချခဲ့ရာ တရားရေးအရာရှိ (၂၃၇) ဦးနှင့် တရားရုံးဝန်ထမ်း (၇၀၁) ဦး တက်ရောက်ခဲ့ကြသည်။

မှုခင်းစီမံခန့်ခွဲမှုစနစ်အရ မှုခင်းများစစ်ဆေးပြီးပြတ်မှုများကို ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ ရုံးချိန်း သေချာမှုများပိုမိုရရှိနိုင်သဖြင့် အမှုတွင်ပါဝင်သည့်အမှုသည်များ၊ ရှေ့နေများ၊ တရားစွဲအဖွဲ့များအနေဖြင့် တရားရုံးသို့ လာရောက်ရသည့်ရုံးချိန်းတိုင်း အမှုတိုးတက်မှုများကိုဆောင်ရွက်နိုင်ရန်သေချာခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်သည့်အပြင် မှုခင်းသတင်းအချက်အလက် ကောက်ယူနိုင်မှုတိုးတက်သေချာခြင်း၊ ထိရောက်စွာစီမံခန့်ခွဲနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိတရားရုံးများ၏ မှုခင်းဆောင်ရွက်မှုများ ပိုမိုလျင်မြန်စွာဆောင်ရွက်ပြီးစီးစေ၍ မှုခင်းကြန့်ကြာခြင်းများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးလျက်ရှိသည့် တရားရုံးများ၏ မှုခင်းသတင်းအချက်အလက်များကို ဤအစီရင်ခံစာ အပိုင်း(၄) "မဟာဗျူဟာစီမံကိန်းစတုတ္ထနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်မှုများ" တွင်ဖော်ပြထားပါသည်။



၂၀၂၂ ခုနှစ် အတွင်း တိုင်းဒေသကြီး/ပြည်နယ် အလိုက် တိုးချဲ့ အကောင်အထည်ဖော်သည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ ခရိုင်တရားရုံးများ (၉)ရုံး မြို့နယ်တရားရုံးများ (၄၇) ရုံး စုစုပေါင်း (၅၆) ရုံး

လူစွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း

လူစွမ်းအားအရင်းအမြစ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သော အခြား တရားရုံး များတွင် တရားသူကြီးအဖြစ်တာဝန်ထမ်းဆောင်ရန် စီရင်ပိုင်ခွင့်အာဏာအရပ်ရပ်ကို အပ်နှင်းခြင်း၊ တာဝန် ဝတ္တရားများ သတ်မှတ်ခြင်းတို့ ပြုလုပ်ပါသည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် နှင့် တရားရုံးအဆင့်ဆင့်တွင်တာဝန်ထမ်းဆောင်သော တရားရေးအရာရှိ/တရားသူကြီး ၁၃၆၁ ဦးနှင့် ရုံးဝန်ထမ်း ၃၈၅၇ ဦးရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံး အဆင့်ဆင့် တွင် တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက်အင်အားစာရင်းကို **နောက်ဆက်တွဲ (ဃ)** အဖြစ်လည်းကောင်း၊ ပြုန်းတီးသွားသည့် ဝန်ထမ်းအင်အားစာရင်းကို **နောက်ဆက်တွဲ (င)** အဖြစ် လည်းကောင်းဖော်ပြထားပါသည်။



အမျိုးသားတရားသူကြီး/
တရားရေးအရာရှိ (၆၃၃) ဦး



အမျိုးသမီးတရားသူကြီး/
တရားရေးအရာရှိ (၇၂၈) ဦး



အမျိုးသား/အမျိုးသမီးတရားသူကြီး/
တရားရေးအရာရှိစုစုပေါင်း(၁၃၆၁) ဦး



လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ

ပြည်သူအများ ယုံကြည်အားထားရသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာရေးအတွက် တရားသူကြီးများ နှင့် တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုများကို စဉ်ဆက် မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်အတွင်း တရားရေးအရာရှိအဆင့် (၄) ၊ ဒုတိယမြို့နယ်တရားသူကြီး များလုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၀) ကို ဖွင့်လှစ်ခဲ့ပြီး ဒုတိယမြို့နယ်တရားသူကြီး (၈၀) ဦးတို့အား အောင်မြင်စွာသင်ကြားပို့ချပေးခဲ့ပါသည်။ ဒုတိယမြို့နယ်တရားသူကြီးအသစ်များ သင်တန်းပြီးမြောက်ပြီး နောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ရှေ့မှောက် တွင်ကျမ်းသစ္စာပြု၍ ဒုတိယမြို့နယ်တရားသူကြီးများအဖြစ်ခန့်အပ်ခဲ့ပါသည်။





ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၀) ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၀) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း

အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိတရားရုံးများတွင် တရားရုံးဝန်ထမ်းများရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဆင့်စာလုလင်သင်တန်း၊ ဘတ်ဂျက်/ငွေစာရင်းနှင့် စီမံခန့်ခွဲမှုသင်တန်း စသည့်သင်တန်းစုစုပေါင်း(၅၃) ခုကို တရားရုံးအမှုထမ်း (၇၆၃) ဦး တို့အား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။

ပညာတော်သင်များစေလွှတ်ခြင်း၊အဆင့်မြင့်ပညာများဆက်လက်သင်ကြားစေခြင်း

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၂ ခုနှစ်အတွင်း ပြည်တွင်းတက္ကသိုလ်များတွင် ဥပဒေပါရဂူဘွဲ့သင်တန်းသို့ တရားသူကြီး (၆) ဦး၊ မဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး (၂) ဦး၊ နိုင်ငံခြားပညာတော်သင်အစီအစဉ်ဖြင့် ဥပဒေပါရဂူဘွဲ့သင်တန်းသို့ တရားသူကြီး(၁)ဦး၊ မဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး (၃) ဦးတို့ တက်ရောက်စေလျက်ရှိပါသည်။





ပညာသင်
ဥပဒေပါရဂူ - (၁) ဦး (ပြည်ပ)
ဥပဒေပါရဂူ - (၆) ဦး (ပြည်တွင်း)
မဟာဥပဒေဘွဲ့ - (၃) ဦး (ပြည်ပ)
မဟာဥပဒေဘွဲ့ - (၂) ဦး (ပြည်တွင်း)

တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့်တရားသူကြီးများ၊တရားရုံးဝန်ထမ်းများ၏နေထိုင်ရေးအဆင်ပြေစေရန် ဆောင်ရွက်ခြင်း

တရားရုံးအသစ်များဆောက်လုပ်ခြင်း

အစီရင်ခံသည့်ကာလအတွင်း မွန်ပြည်နယ်တရားလွှတ်တော် (၂၄၀ x ၂၄၀) ပေ၊ RCC (၃)ထပ် အဆောက်အဦ၊ မော်လမြိုင်ကျွန်းမြို့နယ်တရားရုံး (၁၁၇ x ၂၄၆) ပေ၊ RCC (၂)ထပ် အဆောက်အဦနှင့် ပန်းတောင်းမြို့နယ်တရားရုံး (၁၄၇ ပေ x ၅၆) ပေ၊ RCC (၂)ထပ် အဆောက်အဦတို့ ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအမိုးဆေးသုတ်ခြင်း၊ ပြစ်မှုတရားစီရင်ရေးဌာနအမှုတွဲခန်းနှင့် အလယ်စတိုခန်းပြင်ဆင်ခြင်း၊ တရားမတရားစီရင်ရေးဌာနအမှုတွဲခန်းပြင်ဆင်ခြင်း၊ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကိုဆောင်ရွက်နိုင်ခဲ့ပါသည်။



မွန်ပြည်နယ်တရားလွှတ်တော်မှတ်တမ်းဓာတ်ပုံ



မော်လမြိုင်ကျွန်းမြို့နယ်တရားရုံးမှတ်တမ်းဓာတ်ပုံ



ပန်းတောင်းမြို့နယ်တရားရုံးမှတ်တမ်းဓာတ်ပုံ

ချင်းပြည်နယ်တရားလွှတ်တော် (၃)ထပ် အာရ်စီ၊ ဥတ္တရရခရိုင်တရားရုံး၊ မုဒုံမြို့နယ်တရားရုံး၊ ထန်းတပင်မြို့နယ်တရားရုံး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး၊ လပွတ္တာမြို့နယ်တရားရုံး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ အောင်လံမြို့နယ်တရားရုံး၊ ကော့သောင်းခရိုင်နှင့် မြို့နယ်တရားရုံး၊ မချမ်းဘောမြို့နယ်တရားရုံး၊ ကြို့ပင်ကောက်မြို့နယ်တရားရုံး၊ သန်လျင်မြို့နယ်တရားရုံး၊ အမှတ်(၁) ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်တရားရုံး (၃) ထပ်အဆောက်အဦ အကြီးစားပြုပြင်ခြင်း၊ ငပုတော မြို့နယ်တရားရုံး၊ဒလမြို့နယ်တရားရုံး၊ ကန့်ဘလူခရိုင်နှင့်မြို့နယ်တရားရုံးများကို ဆောက်လုပ်ဆဲဖြစ်သည်။





ရန်ကုန်မြို့ပြအမွေအနှစ်

ရရှိထားသော

ကျောက်တံတားမြို့နယ်တရားရုံး

အား ရှေးမူမပျက်

မူလလက်ရာအတိုင်း

ပြုပြင်ဆောင်ရွက်လျက်ရှိသည့်

မှတ်တမ်းဓာတ်ပုံ

ဝန်ထမ်းအိမ်ရာအသစ်များဆောက်လုပ်ခြင်း

ဝန်ထမ်းများသက်သာချောင်ချိရေး၊ လုံခြုံစိတ်ချစွာနေထိုင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများကို လည်းဖြည့်တင်းဆောက်လုပ်ပေးလျက်ရှိရာ သဃ်နိုးကျွန်းမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ(၈)ခန်းတွဲ (၆)ထပ် ကို ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါသည်။

တရားရုံးလုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လက်အောက်တရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများကိုလည်းကောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီး များနှင့် ရုံးဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်းလိုက်နာမှုတို့ကိုလည်းကောင်း ကြီးကြပ်ဆောင်ရွက်ပါသည်။ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်းနှင့် တာဝန်ထမ်းဆောင်ရာတွင်မှားယွင်းမှုတို့အတွက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိုက်သင့်သောအရေးယူဆောင်ရွက်မှုပြုလုပ်ပါသည်။

ထို့အပြင်တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်ထံ လိပ်မူ တိုင်ကြားမှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများဌာနကြီး၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် နှင့် အခြားဝန်ကြီးဌာနများမှတစ်ဆင့် ပေးပို့တိုင်ကြားမှုများကိုလည်း နည်းလမ်းတကျစိစစ်၍ အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ်ရုံးအဖွဲ့သည် တိုင်ကြားစာ အမျိုးအစားအလိုက် စာရင်းရေးသွင်း၍ ကနဦးစိစစ်ပါသည်။ တိုင်ကြားစာတွင် တိုင်ကြားသူ၏ လိပ်စာမှန်ကန်စွာဖော်ပြ၍ တရားစီရင်ရေးလမ်းကြောင်းအရဆောင်ရွက်ရန်မဟုတ်သည့် တရားရုံး၏ ဆောင်ရွက်မှု အပေါ် တိုင်ကြားစာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦး ဦးဆောင်သည့် တိုင်ကြား စာစိစစ်ပြန်ကြားရေးကော်မတီက စုံစမ်းစစ်ဆေးပြီးအရေးယူဆောင်ရွက်ပါသည်။

၁-၁-၂၀၂၂ မှ ၃၁-၁၂-၂၀၂၂ ရက်နေ့အထိ လက်ခံရရှိခဲ့သည့်တိုင်ကြားစာ (၁၃၆၁) စောင်တွင် (၁၃၅၆) စောင် စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး၊ ကျန်တိုင်ကြားစာ (၅) စောင်မှာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ဆဲဖြစ် ပါသည်။ စုံစမ်းစစ်ဆေးချက်အရ တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန်တိုင်ကြားစာ (၈၅၂) စောင် နှင့် တိုင်တန်းမှု မမှန်ကန်သည့်တိုင်ကြားစာ(၅၀၄) စောင်ကို ပိတ်သိမ်းခဲ့ပါသည်။

ပေးပို့သည့်ဌာန	ရရှိသည့် တိုင်စာ	စုံစမ်းစစ်ဆေးဆောင်ရွက်မှု			
		စုံစမ်း စစ်ဆေးမှု ပြုလုပ်ဆဲ	တရားစီရင်ရေး လမ်းကြောင်း အရဆောင်ရွက် ရန် ပိတ်သိမ်းခြင်း	တိုင်တန်းမှု မမှန်ကန်၍ ပိတ်သိမ်း ခြင်း	အရေးယူ ပြီး ပိတ်သိမ်း ခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများဌာနကြီး	၈၅	-	၈၅	-	-
အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင်	၂၄	၅	-	၁၉	-

ပေးပို့သည့်ဌာန	ရရှိသည့် တိုင်စာ	စုံစမ်းစစ်ဆေးဆောင်ရွက်မှု			
		စုံစမ်း စစ်ဆေးမှု ပြုလုပ်ဆဲ	တရားစီရင်ရေး လမ်းကြောင်း အရဆောင်ရွက် ရန် ပိတ်သိမ်းခြင်း	တိုင်တန်းမှု မမှန်ကန်၍ ပိတ်သိမ်း ခြင်း	အရေးယူ ပြီး ပိတ်သိမ်း ခြင်း
အခြားဝန်ကြီးဌာနများ	၁	-	၁	-	-
ပြည်ထောင်စုတရားသူကြီးချုပ် ထံလိပ်မူမိတ္တူပေးပို့သည့်စာ	၁၅၁	-	၇၆၆	၄၈၅	-
	၁၃၆၁	၅	၈၅၂	၅၀၄	-

ထို့အပြင် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ လုပ်ထုံးလုပ်နည်းမလိုက်နာခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်းတို့အတွက် အရေးယူဆောင်ရွက်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိ / တရားသူကြီး (၁၀၂) ဦး၊ ရုံးဝန်ထမ်း (၄၉) ဦး၊ စုစုပေါင်း (၁၅၁) ဦးတို့အား ရာထူးအလိုက် ဝန်ထမ်းပြစ်ဒဏ်ချမှတ်ခဲ့မှု အခြေအနေကို **နောက်ဆက်တွဲ (စ)** တွင် ဖော်ပြထားပါသည်။

ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုခြင်းနှင့်ကြေးကြပ်ကွပ်ကဲအရေးယူခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေနှင့် အလုပ်သင်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန်လျှောက်ထားသည့် လျှောက်လွှာများကို ရှေ့နေရှေ့ရပ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်ပြီး ညီညွတ်သူများအား ၂၀၂၂ ခုနှစ်အတွင်း ရှေ့နေအလုပ်သင်အဖြစ် လျှောက်ထားသူ(၆၂၆)ဦးအား အလုပ်သင်သင်ကြားခွင့်ပြုခြင်း၊ အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုသူ (၈၃၈) ဦးနှင့် တရားလွှတ်တော်ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုသူ (၃၅၀) ဦးတို့အား ရှေ့နေလိုင်စင်ထုတ်ပေးခြင်းများဆောင်ရွက်ပေးခဲ့ပါသည်။ အထက်တန်းရှေ့နေနှင့်တရားလွှတ်တော်ရှေ့နေလိုင်စင်စာရင်းတင်သွင်းခွင့်ပြုရရှိသူများအားပြည်ထောင်စုတရားလွှတ်တော်ချုပ် Website https://www.unionsupremecourt.gov.mm/ မှတစ်ဆင့်ကြေညာအသိပေးခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရှေ့နေအဖြစ် စာရင်းတင်သွင်း လိုက်ပါဆောင်ရွက်ခွင့်ပြုထားသူများအား ရှေ့နေရှေ့ရပ်များ၏ကျင့်ဝတ်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိမရှိကိုလည်းကောင်း၊ တည်ဆဲဥပဒေအရပ်ရပ်ကို လေးစားလိုက်နာခြင်း ရှိ မရှိကိုလည်းကောင်း၊ အစဉ်တစိုက်ကြီးကြပ် ကွပ်ကဲလျက်ရှိသည်။ ၂၀၂၂ ခုနှစ်အတွင်း တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် အရေးယူပေးရန် တိုင်စာ(၁၇၉)စောင်လက်ခံရရှိခဲ့သည်။တိုင်ကြားစာများအပေါ် ကနဦးစိစစ်တွေ့ရှိချက်နှင့်စုံစမ်းစစ်ဆေးမှုပေါ် ပေါက်ချက်များအရ ဆက်လက်အရေးယူဆောင်ရွက်ရန်အကြောင်းမပေါ်ပေါက်သည့် တိုင်ကြားစာ(၆၉)စောင် အားပိတ်သိမ်းခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် ဆောင်ရွက်ဆဲစုံစမ်းစစ်ဆေးမှုများမှာ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာဖောက်ဖျက်ခြင်းအတွက် တိုင်ကြားစာ(၉၉)စောင်၊ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခံရခြင်းအတွက် အစီရင်ခံစာ(၈၀)စောင် ဖြစ်ပါ သည်။

စုံစမ်းစစ်ဆေးမှုနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ သဘောထားရယူပြီးနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အစည်းအဝေးသို့တင်ပြ၍ တရားလွှတ်တော်ရှေ့နေ (၁၉) ဦးအား လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အစည်းအဝေးသို့တင်ပြ၍ အထက်တန်းရှေ့နေ (၁၃) ဦးအား လည်းကောင်း အရေးယူခဲ့ပါသည်။ ရှေ့နေရှေ့ရပ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာဖောက်ဖျက်သူ (၅) ဦး၊ အမှုသည်များနှင့် ပတ်သက်သည့် ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သူ (၄) ဦး၊ ရာဇဝတ်ကြောင်းအရ ပြစ်ဒဏ်ချမှတ်ခံရသူ (၂၃) ဦးတို့ဖြစ်ပြီး တရားလွှတ်တော်ရှေ့နေ (၉) ဦး ၊ အထက်တန်းရှေ့နေ (၄) ဦးတို့အား အမှုလိုက်ပါခွင့်ဆိုင်းငံ့ခြင်း၊ တရားလွှတ်တော်ရှေ့နေ (၄) ဦး၊အထက်တန်းရှေ့နေ(၉) ဦးတို့အားရှေ့နေအဖြစ်မှထုတ်ပယ်ခြင်း/ထုတ်ပစ်ခြင်း၊ နိုတြီပဗ္ဗလစ် (Notary Public)(၁)ဦး တာဝန်မှရပ်စဲခြင်းနှင့် တရားလွှတ်တော်ရှေ့နေ(၆)ဦးတို့အား သတိပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

တရားလွတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် တိုင်ကြားစာအရေအတွက်နှင့် အရေးယူဆောင်ရွက်မှုအခြေအနေ

ပေးပို့သည့်ဌာန	ရရှိသည့် တိုင်စာ	ဆောင်ရွက်ဆဲ		အရေးယူခံရသည့် ပြစ်ဒဏ် အမျိုးအစားနှင့်ရှေ့နေ အရေအတွက်			ဆက်လက်အရေးယူဆောင်ရွက်ရန် အကြောင်း မပေါ်ပေါက်၍ ပိတ်သိမ်းခြင်း
		တိုင်စာ အရပ်စိမ်း စစ်ဆေးမှု ဆောင်ရွက်	ပြစ်မှုကြောင်း အရအရေးယူ မှုဆောင်ရွက်	ထုတ်ပစ် /ထုတ် ပယ်	ရပ်ဆိုင်း	သတိပေး	
ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ ပေးပို့သည့်စာ	၄၄	၃၄	-	၂	-	-	၁၃
ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်/ အခြားဌာနများ	-	-	-	-	-	-	၂
အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်	၄	၂	-	-	-	၃	၆
ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်	-	-	-	-	-	-	၃
နိုင်ငံတော်သမ္မတရုံး၊ တိုင်ကြားစာနှင့် အသနား ခံစာဆိုင်ရာ ကော်မတီ	-	-	-	-	-	-	-
ဥပဒေရေးရာဝန်ကြီးဌာန	၁	-	-	-	-	၂	၁
တရားလွှတ်တော်ရှေ့နေများ ကောင်စီမှ ပေးပို့သည့်စာ	၄၁	၂၀	-	-	-	၂	၂၇
ပြည်နယ်/တိုင်းဒေသကြီး တရား ရေးဦးစီးမှူးများမှ တစ်ဆင့်ပေးပို့သည့်စာ	၈၂	၁	၁၀၀	၈	၁၁	၄	၁၅
နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ	၅	၃	-	-	-	-	၁
ပြည်ထဲရေးဝန်ကြီးဌာန	၂	၃	-	-	-	-	၁
	၁၇၉	**၆၃**	**၁၀၀**	**၁၀**	**၁၁**	**၁၁**	**၆၉**

ရှင်းလင်းချက်။ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နေသည့် အမှုများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်နယ်တိုင်းဒေသကြီးနှင့် တရားလွှတ်တော်ရှေ့နေကောင်စီတို့မှ ယခင်နှစ်က လက်ခံရရှိခြင်းဖြစ်ပါသည်။

- ရာဇဝတ်ကြောင်းအရေးယူမှုအစီရင်ခံစာ (၈၀) စောင်နှင့် တိုင်စာ (၂) စောင် ဖြစ်ပါသည်။

တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေအား **နောက်ဆက်တွဲ (ဆ)** တွင်ဖော်ပြထားပါသည်။

ဗီဒီယိုကွန်ဖရင့်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်လျှောက်ထားသူ (၃၅၀) ဦးအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဧန်နဝါရီလ ၃၁ ရက်နေ့တွင် ဆဋ္ဌမအကြိမ်အဖြစ် တရားလွှတ်တော်ရှေ့နေ(၁၉၅) ဦး၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၈)ရက်နေ့တွင် သတ္တမအကြိမ်အဖြစ် တရားလွှတ်တော်ရှေ့နေ (၁၅၅) ဦးတို့အား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။



၃၁-၁-၂၀၂၂ ရက်နေ့ ဆဋ္ဌမအကြိမ် ဗီဒီယိုကွန်ဖရင့်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကျင်းပစဉ်

ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေးဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇ ၊ ၆၈ တို့နှင့်အညီ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားသူကြီးချုပ်သည် အကျဉ်းထောင် (၁) ခုသို့လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့်

တရားလွှတ်တော်တရားသူကြီးများသည် အကျဉ်းထောင်(၂၅) ခု၊ ရဲဘက်စခန်း (၇) ခု နှင့် ရဲတပ်ဖွဲ့အချုပ်စခန်း(၆၅)ခုတို့အား လည်းကောင်း၊ ခရိုင်အဆင့်တရားသူကြီးများသည် အကျဉ်းထောင်(၁၁) ခု ၊ ရဲဘက်စခန်း (၁) ခုနှင့် ရဲတပ်ဖွဲ့အချုပ်စခန်း (၁၅၄) ခုသို့လည်းကောင်း သွားရောက်စစ်ဆေး၍ အကျဉ်းသားနှင့်အချုပ်သားများအတွက် လိုအပ်သည်များကို လမ်းညွှန်ဆောင်ရွက်ပေးခဲ့ပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ကျိုက်မရောဗဟိုအကျဉ်းထောင်တွင် စစ်ဆေးကြည့်ရှုစဉ်

နိုင်ငံတော်ဘဏ္ဍာငွေသို့ တရားရုံးများမှ ကောက်ခံပေးသွင်းသည့် ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံရရှိခြင်း

ရုံးခွန်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှလည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင် ရှေ့နေများနှင့် သက်ဆိုင်သူများမှလည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ရုံးခွန်တံဆိပ်ခေါင်းများ ထမ်းဆောင်ရရှိငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တရားရုံးများ	ရုံးခွန်ရရှိငွေ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်	၁၅၆၉၄၀၈၆၆ ကျပ်
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ	၃၅၃၈၂၇၆၈၀ ကျပ်
ခရိုင်တရားရုံးများ	၄၂၉၁၇၇၀၃၇၀.၆၄ ကျပ်
မြို့နယ်တရားရုံးများ	၁၉၂၈၅၇၀၁၈.၃၅ ကျပ်
စုစုပေါင်း	၄၉၉၅၃၉၅၉၃၄.၉၉ *ကျပ်*

ဒဏ်ငွေ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ တရားရုံးများမှ ကောက်ခံရရှိသောဒဏ်ငွေများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရငွေများအဖြစ် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်းပါသည်။

တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသောရာဇဝတ်မှုများကို စီရင်ဆုံးဖြတ်ရာတွင် ဒဏ်ငွေတပ်သည့်အမှုများ ပါဝင်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်က တပ်ရိုက်သည့်ဒဏ်ငွေနှင့် ကောက်ခံရရှိသည့် ဒဏ်ငွေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တရားရုံးများ	တပ်ရိုက်ဒဏ်ငွေ	ကောက်ခံရဒဏ်ငွေ	ယခင်ကာလအပါအဝင် ကြွေးကျန်
တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ	-	-	-
ခရိုင်တရားရုံးများ	၁၃၅၂၁၀၀၀ ကျပ်	၁၅၃၅၁၀၀၀ ကျပ်	၁၀၀၀၀ ကျပ်
မြို့နယ်တရားရုံးများ	၉၇၂၇၀၇၄၁၁၀ ကျပ်	၉၇၂၂၄၇၄၁၁၀ ကျပ်	၂၂၈၀၀၀၀ ကျပ်

အသိပညာပေးလုပ်ငန်းများနှင့်ပွင့်လင်းမြင်သာမှုရှိရန်ဆောင်ရွက်မှုများ

၂၀၂၁ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ဝေခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏တရားစီရင်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များနှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအား ပြည်တွင်း ပြည်ပမှ အများပြည်သူသိရှိနိုင်ရန်၊ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျအကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် တရားရုံးနှစ်စဉ်အစီရင်ခံစာအား ထုတ်ဝေလျက်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဆဋ္ဌမအကြိမ်မြောက်တရားရုံးနှစ်စဉ်အစီရင်ခံစာကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် မြန်မာ/အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။





၂၀၂၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ထုတ်ဝေခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှချမှတ်ခဲ့သည့် စီရင်ချက်များအနက် ဥပဒေပြဿနာ၊ အကြောင်းခြင်းရာပြဿနာများနှင့်စပ်လျဉ်း၍ စံပြုထိုက်သောစီရင်ချက်များကို မြန်မာနိုင်ငံတရားစီရင်ထုံးများအဖြစ် စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိရာ ၂၀၂၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးအား အစီရင်ခံသည့်နှစ်အတွင်း ထုတ်ဝေခဲ့ပါသည်။



စာချွန်တော်အပြီးသတ်အမိန့်များနှင့် စာချွန်တော်ဆိုင်ရာတရားစီရင်ထုံးများ စာအုပ်ထုတ်ဝေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၈)တွင် ပေးအပ်ထားသော နိုင်ငံသားများ၏ မူလအခွင့်အရေးများမှ အခွင့်အရေးတစ်ရပ်ရပ်ကို လျှောက်ထားရယူလိုသူများနှင့် ဥပဒေကိုလေ့လာလိုက်စားသူများအနေဖြင့် စာချွန်တော်အမိန့် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့်လေ့လာသိရှိနိုင်စေရန်နှင့် အများပြည်သူတို့၏ အသိအမြင်မြှင့်တင်ပေးရန်ရည်ရွယ်၍ “ရွှေးချယ်ထားသောစာချွန်တော်လျှောက်ထားမှုအပြီးသတ်အမိန့်များ(၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ)” စာအုပ်ကို အစီရင်ခံသည့်ကာလအတွင်း ထုတ်ဝေခဲ့ပါသည်။

ထို့အပြင် စာချွန်တော်အမိန့်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ စီရင်ထုံးပြုပြီး အမှုများကို တစ်စုတစ်စည်းတည်း လေ့လာနိုင်စေရန်အလို့ငှာ “စာချွန်တော်တရားစီရင်ထုံးများ (၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိပေါင်းချုပ်)” စာအုပ်ကို အစီရင်ခံသည့်ကာလအတွင်း ထုတ်ဝေခဲ့ပါသည်။





ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များထုတ်ပြန်ခြင်း (The Commercial Judgment System– CJS)

တရားရုံးဆောင်ရွက်ချက်များနှင့် သတင်းအချက်အလက်များကို အများပြည်သူလက်လှမ်းမီမှုနှင့် အများပြည်သူ၏အသိအမြင်ကိုမြှင့်တင်နိုင်ရန် ၊ တရားရုံးနှင့်ပြည်သူတို့ကြား ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် နှင့် ကူးသန်းရောင်းဝယ်ရေးမှုခင်းများတွင် ဥပဒေကောက်ယူသုံးသပ်မှုများညီညွတ်မှုရှိစေရန်တို့ကို ရည်ရွယ်၍ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website တွင် ၂၀၁၈ ခုနှစ်မှစ၍ လွှင့်တင်ခဲ့သည်။ အစီရင်ခံသည့်ကာလအတွင်း ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှု (၂၃၅)မှု၏ စီရင်ချက်များအား www.cjs.usc.gov.mm တွင်လွှင့်တင်ဖော်ပြနိုင်ခဲ့ပါသည်။

တရားစီရင်ထုံးအကြောင်းအရာများရှာဖွေခြင်းစနစ် (Ruling Content Management System – RCMS)

အများပြည်သူများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် ပေါ်ထွန်းနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နှစ်စဉ်ထုတ်ဝေလျက်ရှိသော မြန်မာနိုင်ငံတရားစီရင်ထုံးများကို အလွယ်တကူလျင်မြန်စွာရှာဖွေအသုံးပြုနိုင်ရန်အတွက် တရားစီရင်ထုံးအကြောင်းအရာများရှာဖွေခြင်းစနစ် (RCMS) ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၂၃ ခုနှစ် မှ ၂၀၁၉ ခုနှစ် အထိ စီရင်ထုံးများကို https://rcms.usc.gov.mm/precedents တွင်ရှာဖွေကြည့်ရှုဖတ်ရှုနိုင်ပြီဖြစ်ပါသည်။

တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခြင်း
ဒေသတွင်းတရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင်ပါဝင်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး၊ တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဥပဒေဆိုင်ရာအသိပညာဗဟုသုတများ

ဖလှယ်နိုင်ရေးတို့အတွက် ဒေသတွင်းနှင့်အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ဒေသတွင်းနှင့် နိုင်ငံတကာတွင် ကျင်းပပြုလုပ်သည့်ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အခမ်းအနားများသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ အစီရင်ခံသည့်ကာလအတွင်း ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပပြုလုပ်သည့် ပြည်ပညီလာခံ၊ သင်တန်း၊ ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခမ်းအနား (၁၂) ခုသို့ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့် တရားရေးအရာရှိစုစုပေါင်း(၂၆)ဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့တရားရုံးချုပ်ကကြီးမှူး၍ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် အွန်လိုင်းဖြင့်ကျင်းပသည့် တတိယအကြိမ်မြောက် တရုတ်-အာဆီယံတရားရေးဖိုရမ် (The 3rd China-ASEAN Justice Forum) သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့သည်။ ဖိုရမ်သို့ တက်ရောက်လာကြသော အာဆီယံ(၁၀)နိုင်ငံမှ ကိုယ်စားလှယ်များက တရားစီရင်ရေးနှင့်ဆက်နွယ်သော ဘာသာရပ်ခေါင်းစဉ်များအပေါ် ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး "တတိယအကြိမ်မြောက် တရုတ်-အာဆီယံ တရားရေးဖိုရမ် " သို့ အွန်လိုင်းမှတက်ရောက်စဉ်



ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့
“တတိယအကြိမ်မြောက် တရုတ်-အာဆီယံ တရားရေးဖိုရမ် ” သို့
အွန်လိုင်းမှတက်ရောက်စဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် မလေးရှားနိုင်ငံတရားရုံးချုပ်မှ ကြီးမှူးကျင်းပခဲ့သည့် "(၁၀)ကြိမ်မြောက်အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး "10th Council of ASEAN Chief Justices Meeting – CACJ" သို့တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်သည် အာဆီယံတရားသူကြီးချုပ်များကောင်စီ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက တင်သွင်းလာသည့် အစီရင်ခံစာများနှင့် CACJ နှင့် ဆက်စပ်လျက်ရှိသည့် ကိစ္စရပ်များအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေးခဲ့ပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့
"(၁၀)ကြိမ်မြောက်အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး" သို့တက်ရောက်စဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ မှ ၁၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတွင် ကျင်းပသော "(၁၈)ကြိမ်မြောက်အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာတရားသူကြီးချုပ်များညီလာခံ" သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်မှ အွန်လိုင်းဖြင့် ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ ညီလာခံကို ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အယူခံတရားရုံးနှင့် LAWASIA တို့က ကြီးမှူးကျင်းပခြင်း ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံ ၃၄ နိုင်ငံတို့မှ တရားသူကြီးချုပ်များဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး
"(၁၈) ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ တရားသူကြီးချုပ်များညီလာခံ" သို့ အွန်လိုင်းမှတက်ရောက်စဉ်



ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး ဦးဆောင်သော မြန်မာ့ကိုယ်စားလှယ်အဖွဲ့
"(၁၈) ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ တရားသူကြီးချုပ်များညီလာခံ" သို့အွန်လိုင်းမှတက်ရောက်စဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတရားရုံးချုပ်၊ တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးများကောင်စီ ဥက္ကဋ္ဌ H.E. Mr. Victor Momotov တို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် "(၁၀) ကြိမ်မြောက် ရုရှားတရားသူကြီးများညီလာခံ" သို့တက်ရောက်ခဲ့သည်။ အဆိုပါညီလာခံသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ အာမေးနီးယားသမ္မတနိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ ကျူးဘားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီရန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ကာဂျစ္စတန်နိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ လွတ်လပ်သော ဓနသဟာရပြည်နယ်များ၊ ယူရေးရှမ်းစီးပွားရေးပြည်ထောင်စု၊ အက်ဘ်ခါဇီးယားသမ္မတနိုင်ငံ တို့မှ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများ၊ တရားသူကြီးများနှင့်ကော်မတီအတွင်းရေးမှူးချုပ်များတက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး "(၁၀) ကြိမ်မြောက် ရုရှားတရားသူကြီးများညီလာခံ" သို့တက်ရောက်စဉ်

မကွေးတိုင်းဒေသကြီးတရားလွှတ်တော် မှ တရားလွှတ်တော်တရားသူကြီး ဦးမြင့်သိန်းသည် အိန္ဒိယနိုင်ငံ၊ လပ်ခနောင်းမြို့တွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိကျင်းပခဲ့သည့် "(၂၃) ကြိမ်မြောက် ကမ္ဘာ့တရားသူကြီးချုပ်များ၏ နိုင်ငံတကာညီလာခံ" သို့ တက်ရောက်ခဲ့သည်။ အဆိုပါညီလာခံသို့ နိုင်ငံတကာမှ တရားသူကြီးချုပ်များ တက်ရောက်ကြပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို အလေးပေးဆွေးနွေးခဲ့ကြသည်။





မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဦးမြင့်သိန်း
"(၂၃) ကြိမ်မြောက် ကမ္ဘာ့တရားသူကြီးချုပ်များ၏ နိုင်ငံတကာညီလာခံ" သို့တက်ရောက်စဉ်

ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ အွန်လိုင်းမှ တက်ရောက်ခဲ့သည့် ပြည်ပအစည်းအဝေး/ဆွေးနွေးပွဲများစာရင်းကို **နောက်ဆက်တွဲ (၈)** ဖြင့် ဖော်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံအမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့ လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံမှတရားသူကြီးများနှင့် တရားရေးအရာရှိများအား အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံ ဘိုပါးမြို့ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ မှ ၈ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် ဒုတိယအကြိမ် "တရားသူကြီးများနှင့်တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းအစီအစဉ်" သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်မှ တရားရေးအရာရှိ ၄၀ ဦးစေလွှတ်ခဲ့သည်။ သင်တန်းသားများသည် အဆိုပါသင်တန်း၌ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ အိန္ဒိယနိုင်ငံတရားစီရင်ရေးစနစ်၊ တရားသူကြီးကျင့်ဝတ်၊ စီရင်ချက်ရေးသားခြင်း၊ တရားရုံးစီမံခန့်ခွဲမှု၊ သက်သေခံဥပဒေ၊ တရားရုံးနည်းပညာ၊ တရားမနှင့်ရာဇဝတ်ဥပဒေများ၊ ဥပဒေရေးရာဆေးပညာ၊ တရားမကျင့်ထုံးဥပဒေနှင့်တရားမမှုစစ်ဆေးခြင်း၊ အခြားနည်းလမ်းဖြင့်အငြင်းပွားမှုဖြေရှင်းခြင်း တို့ကို လေ့လာသင်ယူခွင့်ရရှိခဲ့ကြသည်။



ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံအမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့ လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ ဒုတိယအကြိမ်တရားစီရင်ရေးသင်တန်းသို့ သင်တန်းသား (၄၀)ဦး စေလွှတ်စဉ်

အပိုင်း - ၃

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ

၂၀၂၂ ခုနှစ် မူခင်းစစ်ဆေးစီရင်မှုတွင်တွေ့ရှိချက်များနှင့် ၂၀၂၃ ခုနှစ်တွင်ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များ

၂၀၂၂ ခုနှစ် မူခင်းစာရင်းများအရ တစ်နိုင်ငံလုံးရှိ တရားရုံးအဆင့်ဆင့်တွင် အမှုစွဲဆိုမှုများပြားခဲ့ပြီး ယခင်နှစ်ထက်အမှုစွဲဆိုမှု ၆၅.၇၄% ပိုမိုခဲ့သည်ကိုတွေ့ရှိရပါသည်။ သို့ရာတွင် မူခင်းများစစ်ဆေး ပြီးပြတ်မှုမှာ ယခင်နှစ်ထက် ၅၉% ပိုမိုပြီးပြတ်အောင်စစ်ဆေးနိုင်ကြောင်းတွေ့ရှိရပြီး တစ်နိုင်ငံလုံးအမှုပြီးပြတ်မှုနှုန်း ၁၀၉% ထိရောက်အောင် စစ်ဆေးပြီးပြတ်ခဲ့ကြောင်းတွေ့ရှိရသဖြင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂) တွင်လျာထားသည့် တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်း စုစုပေါင်း ၁၀၀% ထက် ကျော်လွန်ပြီး ပြတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အမှုအမျိုးအစားအလိုက် စစ်ဆေးပြီးပြတ်မှုတွင် ရာဇဝတ်မှုစစ်ဆေးပြီးပြတ်နှုန်းသည် ၁၀၉% ရှိပြီး၊ တရားမမှုစစ်ဆေးပြီးပြတ်နှုန်းသည် ၁၁၄ % ရှိခဲ့သည့်အတွက် မဟာဗျူဟာလျာထားချက်ဖြစ်သည့် ၁၀၀% ကို ပြည့်မီ ကျော်လွန်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ်၏ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် စုစုပေါင်းအမှုပြီးပြတ်မှုနှုန်းသည် မဟာဗျူဟာလျာထားချက်ထက် ကျော်လွန်ရခြင်းမှာ ယခင်နှစ်လက်ကျန်မူခင်းများအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကချမှတ်ထားသည့် နိုင်ငံတစ်ဝန်းတရားရုံးများတွင် မူခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်ခြင်းကြောင့်လည်းကောင်း၊ မူခင်းများကို နည်းပညာအသုံးပြုစစ်ဆေးကြားနာခြင်းကြောင့်လည်းကောင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကြုံတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်လာနိုင်သည်နှင့်အမျှ တရားရုံးသို့စွဲဆိုတင်ပို့သောအမှုများကို မှန်မှန်နှင့်မြန်မြန်ပြီးပြတ်နိုင်စေရေးနှင့် တရားရုံးအသုံးပြုသူများ၏ ဝန်ထုပ်ဝန်ပိုးများကိုလည်း ပိုမိုလျော့ချပေးနိုင်ရေးတို့အတွက် အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းမူခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၉)ရုံးနှင့် မြို့နယ် တရားရုံး (၄၇) ရုံးတွင် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး (၂၀၁၈–၂၀၂၂) ကာလအတွင်း လျာထားသည့် ခရိုင်တရားရုံးများ၏ ၉၈% ၊ မြို့နယ်တရားရုံးများ၏ ၉၇ % ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်ကို နိုင်ငံတစ်ဝန်းတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး နှင့် ပြည်ထောင်စုနယ်မြေတို့တွင် စေ့စပ်ဖြေရှင်းရေးဌာန (၁၅) ဌာနဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။

တရားစီရင်ရေးမဟာဗျူဟာရည်မှန်းချက်များနှင့်အညီ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းမူခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုကို ကြီးကြပ်ဆောင်ရွက်ရန် နှင့် လေ့ကျင့်သင်ကြားသည့်အစီအစဉ်များစဉ်ဆက်မပြတ်ဆောင်ရွက်ရေး ၊ တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် ပိုမိုတိုးတက်စေရေး ၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ အိုင်တီနည်းပညာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်မှု တိုးတက်စေရေးနှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းပမာဏအလိုက် တရားရုံးဝန်ထမ်းအင်အား လုံလောက်စွာခန့်ထားနိုင်ရေးတို့ကို ဆောင်ရွက်နိုင်ပါက ပြည်သူအများ တရားစီရင်ရေးဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီစေပြီး မူခင်းများအား အချိန်နှင့်တစ်ပြေးညီ စစ်ဆေးပြီး ပြတ်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ တရားရုံးသို့ စွဲဆိုတင်ပို့သည့် အမှုအရေအတွက်နှင့်ကိုက်ညီသည့် အမှုစစ်တရားသူကြီး နှင့် တရားရုံးဝန်ထမ်းအရေအတွက်တို့ ပြည့်မီအောင် ခန့်အပ်ရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ် စာရင်းဇယားများအရ တရားသူကြီးဦးရေ (၉၈၅) ဦး လစ်လပ်လျက်ရှိပြီး၊ တရားရုံးဝန်ထမ်းဦးရေ (၄၄၅၇) ဦး လစ်လပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ် အတွင်း တရားသူကြီးများပြုန်းတီးအင်အားနှင့်ကာမိစေရန် ဒုတိယမြို့နယ်တရားသူကြီး (၈၀) ဦးအား ရွေးချယ်ခန့်ထားခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်းအသေးစိတ်ကို **နောက်ဆက်တွဲ (ဃ)**တွင် ဖော်ပြထားပါသည်။

မှုခင်းများစစ်ဆေးစီရင်ခြင်း

မှုခင်းများကိုဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။ တရားရုံး၏ဆောင်ရွက်ချက်များအား အများသိရှိနိုင်ရန်နှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းလျာထားသတ်မှတ်ချက်များ ပြည့်မီနိုင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုအတိုင်းအတာများကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်၏ မှုခင်းများစစ်ဆေးစီရင်မှုအခြေအနေကို ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း၊ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း၊ စစ်ဆေးဆဲအမှုများ၏သက်တမ်း၊ အယူခံတက်ရောက်မှုနှုန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမှုစွဲဆိုမှုရာခိုင်နှုန်း၊ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု၊ အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက်ခွဲခြားခြင်း စသည့်စံနှုန်းများပေါ်မူတည်၍ နှိုင်းယှဉ်ဖော်ပြထားပါသည်။

ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်းသည် တရားရုံးသို့စွဲဆိုတင်ပို့သည့် မှုခင်းပမာဏကို အမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာစွမ်းရည်ကိုတိုင်းတာရန်ဖော်ပြခြင်းဖြစ်ပါသည်။*

အမှုပြီးပြတ်နှုန်းကိုတွက်ချက်ရာတွင် ပြက္ခဒိန်နှစ်အတွင်း တရားရုံးသို့စွဲဆိုတင်ပို့သောအမှုအရေအတွက်နှင့် စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်သည် ယခင်နှစ် လက်ကျန်အမှုများနှင့် ယခုနှစ်အတွင်း စွဲဆိုတင်ပို့သောအမှုများမှ စစ်ဆေးဆုံးဖြတ်ခဲ့သည့် စုစုပေါင်းအမှုအရေအတွက် ဖြစ်ပါသည်။ နိုင်ငံတဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကျင့်သုံးသည့် ရွေ့ပြောင်းတရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းကိုလည်း အလားတူ တွက်ချက်ထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား(၁)** တွင် ဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စွဲဆိုလျှောက်ထားသည့် အမှုပေါင်း ၂၉၂၀ မှုရှိပြီး၊ ပြီးပြတ်မှုသည် ၂၉၃၃ မှု ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုပြီးပြတ်မှုနှုန်းသည် ယခင်နှစ်ထက် ၄၆% ပိုမိုနည်းပါးသည်ကို တွေ့ရှိရပါသည်။

ဇယား (၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
စွဲတင်	ရာဇဝတ်	၂၀၀၁	၂၁၁၉	၁၄၈၃	၅၆၆	၁၀၇၆
	တရားမ	၂၇၅၀	၂၇၂၈	၂၁၆၁	၁၁၀၇	၁၈၄၄
	စာချုန်	၃၁၇	၄၁၈	၂၄၃	၇၂	၀
	စုစုပေါင်း	**၅၀၆၈**	**၅၂၆၅**	**၃၈၈၇**	**၁၇၄၅**	**၂၉၂၀**
ပြီးပြတ်	ရာဇဝတ်	၂၀၁၀	၂၃၉၃	၁၂၆၇	၁၀၅၁	၉၃၆
	တရားမ	၂၈၆၀	၃၂၀၁	၁၇၃၅	၁၄၉၇	၁၉၉၇
	စာချုန်	၃၃၃	၄၃၇	၂၂၉	၁	၀
	စုစုပေါင်း	**၅၂၀၃**	**၆၀၃၁**	**၃၂၃၁**	**၂၅၄၉**	**၂၉၃၃**
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၁၀၀%	၁၁၃%	၈၅%	၁၈၆%	၈၇%
	တရားမ	၁၀၄%	၁၁၇%	၈၀%	၁၃၅%	၁၀၈%
	စာချုန်	၁၀၅%	၁၀၅%	၉၄%	၁%	၀%
	စုစုပေါင်း	**၁၀၃%**	**၁၁၅%**	**၈၃%**	**၁၄၆%**	**၁၀၀%**

** စာချုန်တော်လျှောက်ထားမှုများအပေါ် ပြီးပြတ်မှုရာခိုင်နှုန်း ၀ % ရရှိခြင်းမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၃၁-၁-၂၀၂၂ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၂၂) ဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကို ခြောက်လ သက်တမ်းတိုးမြှင့်ကြောင်းကြေညာထားသည့်ကာလ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ၃၁-၇-၂၀၂၂ ရက်စွဲပါ ကြေညာချက်အမှတ် (၂/၂၀၂၂) ဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကို ခြောက်လ သက်တမ်းတိုးမြှင့်ကြောင်း ကြေညာထားသည့် ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆(ခ)၊ စာချုန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ ပုဒ်မ ၃(ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ၁၆(ခ)တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချုန်တော်လျှောက်ထားမှုများနှင့် ကြားနာမှုများအား ရပ်ဆိုင်းထားရခြင်းကြောင့် ဖြစ်ပါသည်။*



ပုံ (၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား (၂)** တွင် ဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ်တွင် တရားလွှတ်တော်များသို့ စွဲဆိုသည့်အမှုပေါင်း **၈၈၆၀** မှ ရှိပြီး ပြီးပြတ်မှုသည် **၉၆၉၄** မှ ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များ၏ အမှု ပြီးပြတ်မှုနှုန်းသည် ယခင်နှစ်ထက် ၉၅% ပိုနည်းခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ်က အမှုပြီးပြတ်မှုပေါင်း ၇၈၁၀ မှုဖြစ်ပြီး စွဲတင်မှုပေါင်း ၃၈၂၆ မှုဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် အမှုပြီးပြတ်မှုပေါင်း ၉၆၉၄ မှုရှိသော်လည်း စွဲတင်သည့်အမှုမှာ ၈၈၆၀ မှုဖြစ်သဖြင့် အမှုပြီးပြတ်မှုမှာ ၂၀၂၁ ခုနှစ်ထက် ပိုသော်လည်း စွဲတင်မှုများပြားသဖြင့် ပြီးပြတ်မှုနှုန်း ပိုနည်းခဲ့ခြင်းဖြစ်ပါသည်။

ဇယား (၂) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
စွဲတင်	ရာဇဝတ်	၇၃၈၁	၈၁၆၆	၆၀၅၄	၂၁၃၇	၄၅၀၅
	တရားမ	၆၀၇၆	၆၄၇၃	၅၄၇၇	၁၆၈၉	၄၃၅၅
	စုစုပေါင်း	**၁၃၄၅၇**	**၁၄၆၃၉**	**၁၁၅၃၁**	**၃၈၂၆**	**၈၈၆၀**
ပြီးပြတ်	ရာဇဝတ်	၇၀၇၃	၇၆၄၃	၅၇၁၈	၃၉၃၅	၄၆၆၂
	တရားမ	၅၁၆၁	၅၃၅၁	၄၉၈၆	၃၈၇၅	၅၀၃၂
	စုစုပေါင်း	**၁၂၂၃၄**	**၁၂၉၉၄**	**၁၀၇၀၄**	**၇၈၁၀**	**၉၆၉၄**

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၉၆%	၉၄%	၉၄%	၁၈၄%	၁၀၃%
	တရားမ	၈၅%	၈၃%	၉၁%	၂၂၉%	၁၁၆%
	စုစုပေါင်း	**၉၁%**	**၈၉%**	**၉၃%**	**၂၀၄%**	**၁၀၉%**



ပုံ (၂) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်နှုန်း

၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားလွှတ်တော်များ၏ ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား (၃)** တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အမှုပြီးပြတ်မှုနှုန်းမှာ ရာဇဝတ်မှုများတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် အမှုပြီးပြတ်နှုန်းအမြင့်ဆုံးဖြစ်ပြီး တရားမမှုများတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးသည် အမှုပြီးပြတ်မှုနှုန်းအမြင့်ဆုံးဖြစ်ပါသည်။

ဇယား (၃) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားလွှတ်တော်များ၏ ၂၀၂၂ ခုနှစ်အတွင်း စုစုပေါင်းအမှုပြီးပြတ်မှုနှုန်း

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
		စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
၁	ကချင်	၃၁၀	၂၉၉	၁၄၁	၁၄၀	၉၆%	၉၉%
၂	ကယား	၂၉	၂၇	၄	၂	၉၃%	၅၀%
၃	ကရင်	၂၃၀	၂၂၁	၁၅၄	၁၄၅	၉၆%	၉၄%
၄	ချင်း	၉	၁၀	၂	၂	၁၁၁%	၁၀၀%
၅	စစ်ကိုင်း	၃၀၂	၄၄၁	၁၂၄	၂၈၇	၁၄၆%	၂၃၁%
၆	တနင်္သာရီ	၂၃၄	၂၃၁	၈၄	၇၀	၉၉%	၈၃%
၇	ပဲခူး	၃၁၄	၃၁၄	၃၇၇	၃၄၁	၁၀၀%	၉၀%

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
		စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
၈	မကွေး	၂၆၀	၃၀၂	၂၂၅	၂၃၇	၁၁၆%	၁၀၅%
၉	မန္တလေး	၇၀၉	၆၄၇	၈၃၄	၁၀၇၉	၉၁%	၁၂၉%
၁၀	မွန်	၃၈၃	၁၈၀	၂၉၈	၂၆၆	၄၇%	၈၉%
၁၁	ရခိုင်	၁၃၃	၁၄၁	၆၇	၅၆	၁၀၆%	၈၄%
၁၂	ရန်ကုန်	၇၀၉	၉၈၁	၁၃၃၀	၁၇၃၁	၁၃၈%	၁၃၀%
၁၃	ရှမ်း	၄၈၃	၄၈၇	၃၄၀	၃၁၇	၁၀၁%	၉၃%
၁၄	ဧရာဝတီ	၄၀၀	၃၈၁	၃၇၅	၃၅၉	၉၅%	၉၆%



ပုံ (၃) တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တရားလွှတ်တော်များ၏ ၂၀၂၂ ခုနှစ်အတွင်း အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား(၄)** တွင်ဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ်တွင် ခရိုင်တရားများသို့ စွဲဆိုသည့်အမှုပေါင်း **၅၅၇၀၀** မှ ရှိပြီး ပြီးပြတ်မှုသည် **၅၇၁၈၇** မှ ဖြစ်ပါသည်။ မှုခင်းအားလုံး၏ပြီးပြတ်မှုသည် ယခင်နှစ်ထက် ၄% ပိုမိုခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား (၄) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
စွဲဆို	ရာဇဝတ်	၂၃၈၂၉	၂၂၆၅၃	၂၀၅၅၀	၁၂၉၂၁	၂၈၂၇၂
	တရားမ	၁၃၃၉၃	၁၅၂၆၆	၁၄၀၃၁	၇၂၄၃	၂၇၄၂၈
	စုစုပေါင်း	**၃၇၂၂၂**	**၃၇၉၁၉**	**၃၄၅၇၁**	**၂၀၁၆၄**	**၅၅၇၀၀**
ပြီးပြတ်	ရာဇဝတ်	၂၂၄၁၄	၂၃၆၅၄	၁၇၅၉၅	၁၃၅၄၅	၂၉၃၂၁
	တရားမ	၁၁၈၅၃	၁၂၇၇၇	၁၀၆၄၈	၆၃၅၀	၂၇၈၆၆
	စုစုပေါင်း	**၃၄၂၆၇**	**၃၆၄၃၁**	**၂၈၂၄၃**	**၁၉၈၉၅**	**၅၇၁၈၇**
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၉၄%	၁၀၄%	၈၆%	၁၀၅%	၁၀၄%
	တရားမ	၈၉%	၈၄%	၇၆%	၈၈%	၁၀၂%
	စုစုပေါင်း	**၉၂%**	**၉၆%**	**၈၂%**	**၉၉%**	**၁၀၃%**



ပုံ (၄) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများအလိုက် ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား (၅)** တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီး

နှင့်ပြည်နယ်များအလိုက် ခရိုင်တရားရုံးများ၏အမှုပြီးပြတ်မှုနှုန်းကိုကြည့်လျှင် ရာဇဝတ်မှုများတွင် ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများသည် အမှုပြီးပြတ်နှုန်းအမြင့်ဆုံးဖြစ်ပြီး တရားမမှုများတွင်လည်း ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများသည် အမှုပြီးပြတ်မှုနှုန်းအမြင့်ဆုံးဖြစ်ပါသည်။

ဇယား(၅) ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်
ခရိုင်တရားရုံးများ၏ စုစုပေါင်းအမှုပြီးပြတ်နှုန်း

တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
	စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
ကချင်	၁၁၄၅	၁၃၀၉	၂၉၃	၃၁၄	၁၁၄%	၁၀၇%
ကယား	၉၅	၁၃၂	၃၄	၇၃	၁၃၉%	၂၁၅%
ကရင်	၉၈၂	၉၇၆	၃၁၁	၂၈၆	၉၉%	၉၂%
ချင်း	၇၀	၈၁	၉	၁၃	၁၁၆%	၁၄၄%
စစ်ကိုင်း	၁၆၂၇	၁၇၁၆	၃၈၇	၅၇၅	၁၀၅%	၁၄၉%
တနင်္သာရီ	၁၄၄၀	၁၇၄၂	၂၂၃	၂၆၀	၁၂၁%	၁၁၇%
ပဲခူး	၂၁၇၆	၂၂၇၈	၂၀၁၄	၁၈၄၉	၁၀၅%	၉၂%
မကွေး	၁၃၄၄	၁၅၀၂	၈၃၉	၈၆၅	၁၁၂%	၁၀၃%
မန္တလေး	၅၈၉၄	၅၉၁၇	၆၇၂၃	၆၅၂၄	၁၀၀%	၉၇%
မွန်	၁၃၉၉	၁၄၃၅	၉၁၈	၉၀၉	၁၀၃%	၉၉%
ရခိုင်	၆၄၄	၇၇၈	၂၂၆	၂၄၂	၁၂၁%	၁၀၇%
ရန်ကုန်	၆၉၂၀	၆၆၄၈	၁၂၆၉၇	၁၃၂၂၁	၉၆%	၁၀၄%
ရှမ်း	၂၈၇၁	၂၉၉၈	၁၁၆၀	၁၁၇၈	၁၀၄%	၁၀၂%
ဧရာဝတီ	၁၆၆၅	၁၈၀၉	၁၅၉၄	၁၅၅၇	၁၀၉%	၉၈%



ပုံ (၅) ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရိုင်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း

မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား (၆)** တွင် ဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ်တွင် မြို့နယ်တရားရုံးများသို့ စွဲဆိုသည့်အမှုပေါင်း **၁၈၈၉၃၅** မှုတွင် ပြီးပြတ်မှုသည် **၂၁၅၆၂၄** မှု ဖြစ်၍ အမှုပြီးပြတ်နှုန်းမှာ တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းလျာထားသတ်မှတ်ချက် ပြည့်မီအောင် စစ်ဆေးစီရင်နိုင်သည်ကို တွေ့ရှိရပါသည်။

ဇယား(၆) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
စွဲဆို	ရာဇဝတ်	၃၁၅၀၂၃	၄၂၆၅၄၄	၃၀၇၀၂၁	၁၁၅၇၉၈	၁၆၉၄၂၁
	တရားမ	၂၉၁၆၂	၃၀၉၀၆	၂၆၈၈၂	၁၃၀၁၉	၁၉၅၁၄
	စုစုပေါင်း	**၃၄၁၁၈၅**	**၄၅၇၄၅၀**	**၃၂၃၉၀၃**	**၁၂၈၈၁၇**	**၁၈၈၉၃၅**
ပြီးပြတ်	ရာဇဝတ်	၃၁၀၇၉၀	၄၂၇၈၀၇	၂၈၃၀၈၇	၁၃၅၈၄၄	၁၈၉၉၁၀
	တရားမ	၂၇၄၅၉	၂၉၃၈၂	၂၁၉၈၂	၁၄၅၃၁	၂၅၇၁၄
	စုစုပေါင်း	**၃၃၈၂၄၉**	**၄၅၇၁၈၉**	**၃၀၅၀၆၉**	**၁၅၀၃၇၅**	**၂၁၅၆၂၄**
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၉၉%	၁၀၀%	၉၂%	၁၁၇%	၁၁၂%
	တရားမ	၉၄%	၉၅%	၈၂%	၁၁၂%	၁၃၂%
	စုစုပေါင်း	**၉၈%**	**၁၀၀%**	**၉၁%**	**၁၁၇%**	**၁၁၄%**



ပုံ(၆) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများအလိုက် ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား (၇)** တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြို့နယ်တရားရုံးများ၏အမှုပြီးပြတ်မှုနှုန်းသည် ရာဇဝတ်မှုများ တွင် ၁၀၂% နှင့်အထက် ပြီးပြတ်ခဲ့ပြီး၊ တရားမမှုများတွင် ၁၁၂% နှင့်အထက် ပြီးပြတ်သည်ကို တွေ့ရှိရပါသည်။ ရာဇဝတ်မှုများတွင် ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများသည် ပြီးပြတ်မှုရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ပြီး၊ တရားမမှု ပြီးပြတ်မှုတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများသည် ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၇) ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြို့နယ်တရားရုံးများ၏ စုစုပေါင်းအမှုပြီးပြတ်နှုန်း

တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
	စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
ကချင်	၂၈၀၇	၃၂၂၁	၁၉၄	၂၆၇	၁၁၅%	၁၃၈%
ကယား	၃၇၉	၄၈၂	၂၁	၄၃	၁၂၇%	၂၀၅%
ကရင်	၃၈၄၅	၄၁၅၁	၉၁	၁၃၃	၁၀၈%	၁၄၆%
ချင်း	၂၄၀	၃၀၃	၈	၂၀	၁၂၆%	၂၅၀%
စစ်ကိုင်း	၆၁၅၉	၇၁၅၅	၂၄၉	၉၈၇	၁၁၆%	၃၉၆%

တိုင်းဒေသကြီး/ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
	စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
တနင်္သာရီ	၁၂၆၉၀	၁၃၀၈၀	၁၅၅	၃၄၁	၁၀၃%	၂၂၀%
ပဲခူး	၃၃၄၆၇	၃၅၅၉၅	၃၁၉၂	၃၉၈၆	၁၀၆%	၁၂၅%
မကွေး	၈၄၅၉	၁၀၅၃၀	၁၇၄၁	၂၃၄၁	၁၂၄%	၁၃၄%
မန္တလေး	၃၅၉၁၇	၃၉၇၃၇	၃၉၆၄	၄၈၈၈	၁၁၁%	၁၂၃%
မွန်	၉၃၂၃	၉၈၇၆	၈၄၀	၁၁၄၁	၁၀၆%	၁၃၆%
ရခိုင်	၆၄၅၈	၆၆၀၉	၆၄၄	၇၂၁	၁၀၂%	၁၁၂%
ရန်ကုန်	၆၂၂၂၀	၆၉၁၃၀	၂၉၂၇	၄၅၅၄	၁၁၁%	၁၅၆%
ရှမ်း	၁၀၉၃၆	၁၁၇၃၁	၆၂၇	၇၆၈	၁၀၇%	၁၂၂%
ဧရာဝတီ	၂၈၃၉၅	၃၀၄၂၇	၄၈၆၁	၅၅၂၄	၁၀၇%	၁၁၄%



ပုံ (၇) ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြို့နယ်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း

ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား (၈)** တွင် ဖော်ပြထားပါသည်။ ဥပဒေအရတည်ထောင်သောအခြားတရားရုံးများဖြစ်သည့် မော်တော်ယာဉ် တရားရုံးများ၊ စည်ပင်သာယာတရားရုံးများနှင့် ကလေးသူငယ်တရားရုံးများ၏ စုစုပေါင်းအမှုပြီးပြတ်မှုနှုန်း သည် ၁၀၀% စစ်ဆေး ပြီးပြတ်ပါသည်။

ဇယား(၈) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
စွဲတင်	မော်တော်ယာဉ်တရားရုံး	၁၁၉၆၆၂	၁၃၁၇၉၄	၇၉၇၂၃	၂၉၃၇၉	၄၅၅၄၇
	စည်ပင်သာယာတရားရုံး	၁၄၀၆၇	၁၀၁၉၁	၅၂၇၁	၁၇၉၀	၅၉၄၂
	ကလေးသူငယ်တရားရုံး	၃၅၁	၅၆၂	၄၂၆	၂၉၀	၃၈၅
	စုစုပေါင်း	**၁၃၄၀၈၀**	**၁၄၂၅၄၇**	**၈၅၄၂၀**	**၃၁၄၅၉**	**၅၁၈၇၄**
ပြီးပြတ်	မော်တော်ယာဉ်တရားရုံး	၁၁၉၆၆၂	၁၃၁၇၉၄	၇၉၇၂၃	၂၉၃၇၉	၄၅၅၄၇
	စည်ပင်သာယာတရားရုံး	၁၄၂၅၉	၁၀၂၀၂	၅၂၂၉	၁၈၅၉	၆၁၇၅
	ကလေးသူငယ်တရားရုံး	၃၉၄	၄၁၆	၄၂၇	၃၈၈	၃၉၅
	စုစုပေါင်း	**၁၃၄၃၁၅**	**၁၄၂၄၁၂**	**၈၅၃၇၉**	**၃၁၆၂၆**	**၅၂၁၇**
အမှုပြီးပြတ်နှုန်း	မော်တော်ယာဉ်တရားရုံး	၁၀၀%	၁၀၀%	၁၀၀%	၁၀၀%	၁၀၀%
	စည်ပင်သာယာတရားရုံး	၁၀၁%	၁၀၀%	၉၉%	၁၀၄%	၁၀၄%
	ကလေးသူငယ်တရားရုံး	၁၁၂%	၇၄%	၁၀၀%	၁၃၄%	၁၀၃%
	စုစုပေါင်း	**၁၀၀%**	**၁၀၀%**	**၁၀၀%**	**၁၀၀%**	**၁၀၀%**



ပုံ (၈) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဥပဒေအရတည်ထောင်သောအခြားတရားရုံးများ၏ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း

ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းသည် တရားရုံးများ၏အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်မှု စွမ်းရည်ကို တိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးကဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်နှင့် ကြာမြင့်သည့် ကာလအလိုက် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ (၁၂) လအထက် ကြာမြင့်သည့် ရာဇဝတ်မှုနှင့် (၃၆)လအထက်ကြာမြင့်သည့်တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရာဇဝတ်နှင့်တရားမဆိုင်ရာအယူခံမှုများ၊ ပြင်ဆင်မှုများ၊ အထွေထွေလျှောက်ထားမှုများ၊ စာချွန်တော်လျှောက်ထားမှုတို့ကို စစ်ဆေးပါသည်။ **ဇယား (၉) (၁၀) နှင့် (၁၁)**တို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်းဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၂ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ ၅၇% သည် (၃)လအောက် ကြာမြင့်သည့် အမှုများဖြစ်ပြီး ၃၂% သည် (၃)လမှ(၆) လ အတွင်း၊ ၈% သည် (၆)လမှ (၁၂)လအတွင်း၊ ၃% သည် (၁၂)လအထက်ကြာမြင့်ခဲ့သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၉)** တွင်ဖော်ပြထားပါသည်။

ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စစ်ဆေးပြီးပြတ်ခဲ့သည့်ရာဇဝတ်မှုများအနက် ယခင်နှစ်က (၁၂) လအထက် ကြာမြင့်သည့်အမှု ၂၀.၈% ရှိပြီး ယခုနှစ်တွင် စုစုပေါင်းဆုံးဖြတ်ပြီး အမှုများ၏ ၃% ရှိခဲ့ပါသည်။

ဇယား (၉) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏
ဆုံးဖြတ်ပြီးရာဇဝတ်မှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃- ၆ လ	၆- ၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၁၀၀၀	၃၇၁	၆၂၀	၁၉	၂၀၁၀
	ရာခိုင်နှုန်း	၅၀%	၁၈%	၃၁%	၁%	၁၀၀%
၂၀၁၉	အရေအတွက်	၁၃၁၈	၄၂၆	၆၄၈	၁	၂၃၉၃
	ရာခိုင်နှုန်း	၅၅%	၁၈%	၂၇%	၀%	၁၀၀%
၂၀၂၀	အရေအတွက်	၆၄၇	၅၁၃	၁၀၇	၀	၁၂၆၇
	ရာခိုင်နှုန်း	၅၁%	၄၀.၅%	၈.၅%	၀%	၁၀၀%
၂၀၂၁	အရေအတွက်	၃၁၈	၁၆၂	၃၅၂	၂၁၉	၁၀၅၁
	ရာခိုင်နှုန်း	၃၀.၃%	၁၅.၄%	၃၃.၅%	၂၀.၈%	၁၀၀.၀%
၂၀၂၂	အရေအတွက်	၅၃၄	၂၆၉	၇၇	၂၆	၉၃၆
	ရာခိုင်နှုန်း	၅၇%	၂၂%	၈%	၃%	၁၀၀%



ပုံ(၉) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏
ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၂ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးတရားမမှုများ၏ ၀.၃% သည် (၃) လအောက် ကြာမြင့်ခဲ့သည့် အမှုများဖြစ်ပြီး၊ ၄၆% သည် (၃)လမှ(၆)လအတွင်း၊ ၃၂% သည် (၆)လမှ(၁၂)လ အတွင်း၊ ၂၁% သည် (၁၂)လအထက် ကြာမြင့်ခဲ့သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၀)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စစ်ဆေးပြီးပြတ်ခဲ့သည့် တရားမမှုများအနက် ယခင်နှစ်က (၁၂) လအထက်ကြာမြင့်သည့်အမှု ၃၇% ရှိခဲ့သော်လည်း ယခုနှစ်တွင် စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၂၁% ရှိခဲ့ပါသည်။

ဇယား (၁၀) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးတရားမမှုများသက်တမ်း အလိုက်အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃- ၆ လ	၆- ၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၁၀၈၉	၁	၁၇၆၈	၂	၂၈၆၀
	ရာခိုင်နှုန်း	၃၈%	၀.၀၃%	၆၂%	၀.၀၇%	၁၀၀%
၂၀၁၉	အရေအတွက်	၁၁၄၂	၀	၂၀၅၈	၁	၃၂၀၁
	ရာခိုင်နှုန်း	၃၆%	၀%	၆၄%	၀.၀၃%	၁၀၀%
၂၀၂၀	အရေအတွက်	၂၁၁	၅၀၀	၁၀၂၄	၀	၁၇၃၅
	ရာခိုင်နှုန်း	၁၂%	၂၉%	၅၉%	၀%	၁၀၀%
၂၀၂၁	အရေအတွက်	၁၇၈	၄၇၇	၂၈၆	၅၅၆	၁၄၉၇
	ရာခိုင်နှုန်း	၁၂%	၃၂%	၁၉%	၃၇%	၁၀၀%
၂၀၂၂	အရေအတွက်	၅	၉၁၄	၆၄၉	၄၂၉	၁၉၅၇
	ရာခိုင်နှုန်း	၀.၃%	၄၆%	၃၂%	၂၁%	၁၀၀%



ပုံ(၁၀) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းနှိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၂ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးစာရွက်တော်မှု မရှိပါ။ စာရွက်တော်လျှောက်ထားမှုများအပေါ် ဆုံးဖြတ်ပြီးစာရွက်တော်မှုများ၏အရေအတွက် မရှိခဲ့ခြင်းမှာ အမျိုးသား ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ၃၁-၁-၂၀၂၂ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၂၂) ဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကို ခြောက်လသက်တမ်းတိုးမြှင့်ကြောင်း ကြေညာထားသည့် ကာလ၊ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၃၁-၇-၂၀၂၂ ရက်စွဲပါ ကြေညာချက်အမှတ် (၂/၂၀၂၂)ဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကို ခြောက်လသက်တမ်းတိုးမြှင့်ကြောင်း ကြေညာထားသည့်ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉ဖ(ခ)၊ စာရွက်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၃(ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆(ခ)တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာရွက်တော်လျှောက်ထားမှုများနှင့် ကြားနာမှုများအား ရပ်ဆိုင်းထားရခြင်းကြောင့် ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၁)** တွင် ဖော်ပြထားပါသည်။

ဇယား (၁၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးစာရွက်တော်မှုများသက်တမ်း အလိုက်အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃- ၆ လ	၆- ၁၂ လ	၁၂- ၂၄လ	၂၄လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၈၄	၁၄၉	၇၂	၂၈	၀	၃၃၃
	ရာခိုင်နှုန်း	၂၅%	၄၅%	၂၂%	၈%	၀%	၁၀၀%
၂၀၁၉	အရေအတွက်	၅၅	၁၀၆	၄၆	၁၀	၀	၂၃၇
	ရာခိုင်နှုန်း	၁၃%	၄၀%	၁၁%	၄%	၀%	၁၀၀%

ခုနှစ်		၃-လ အောက်	၃- ၆ လ	၆- ၁၂ လ	၁၂- ၂၄လ	၂၄လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၄၀	၁၁၉	၆၀	၁၀	၀	၂၂၉
	ရာခိုင်နှုန်း	၁၇.၅%	၅၂%	၂၆%	၄.၅%	၀%	၁၀၀%
၂၀၂၁	အရေအတွက်	၀	၀	၁	၀	၀	၁
	ရာခိုင်နှုန်း	၀.၀%	၀.၀%	၁၀၀.၀%	၀.၀%	၀%	၁၀၀%
၂၀၂၂	အရေအတွက်	၀	၀	၀	၀	၀	၀
	ရာခိုင်နှုန်း	၀.၀%	၀.၀%	၀.၀%	၀.၀%	၀%	၀.၀%



ပုံ(၁၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးစာချုန်တော်မှုများသက်တမ်း နှိုင်းယှဉ်ချက်

တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များသည် ရာဇဝတ်နှင့်တရားမဆိုင်ရာ မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေမှုများကို စစ်ဆေးပါသည်။ **ဇယား (၁၂)**နှင့် **(၁၃)** တို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီး နှင့် ပြည်နယ် တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၂ ခုနှစ်အတွင်း ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ ၄၃% သည် (၃)လအောက်ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပြီး ၂၃% သည် (၃)လမှ(၆)လ အတွင်း၊ ၁၅% သည် (၆) လ မှ(၁၂)လအတွင်းနှင့် ၁၉% သည် (၁၂)လအထက်ကြာမြင့်ခဲ့သည့် အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၂)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် စစ်ဆေးပြီးပြတ်ခဲ့သည့် ရာဇဝတ်မှုများအနက် (၁၂) လအထက်ကြာမြင့်သည့်အမှုများသည် ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၂၄% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၁၉% ရှိခဲ့ပါသည်။

ဇယား (၁၂) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း အလိုက်အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၂၆၂၈	၂၆၀၈	၁၂၁၁	၆၂၆	၇၀၇၃
	ရာခိုင်နှုန်း	၃၇%	၃၇%	၁၇%	၉%	၁၀၀%
၂၀၁၉	အရေအတွက်	၃၃၀၉	၁၉၃၂	၁၆၂၆	၇၇၆	၇၆၄၃
	ရာခိုင်နှုန်း	၄၃%	၂၅%	၂၁%	၁၀%	၁၀၀.၀%
၂၀၂၀	အရေအတွက်	၁၉၇၄	၁၆၈၂	၁၂၁၄	၈၄၈	၅၇၁၈
	ရာခိုင်နှုန်း	၃၅%	၂၉%	၂၁%	၁၅%	၁၀၀%
၂၀၂၁	အရေအတွက်	၈၁၈	၁၁၀၄	၁၀၇၉	၉၃၄	၃၉၃၅
	ရာခိုင်နှုန်း	၂၁%	၂၈%	၂၇%	၂၄%	၁၀၀%
၂၀၂၂	အရေအတွက်	၂၀၀၀	၁၀၅၅	၇၁၈	၈၈၉	၄၆၆၂
	ရာခိုင်နှုန်း	၄၃%	၂၃%	၁၅%	၁၉%	၁၀၀%



ပုံ (၁၂) *၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်*

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၂ ခုနှစ်အတွင်း ဆုံးဖြတ်ပြီး တရားမမှုများ၏ ၂၆% သည် (၃) လအောက်ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၃% သည် (၃)လမှ(၆)လအတွင်း၊ ၂၂% သည် (၆)လမှ (၁၂)လအတွင်း၊ ၂၅% သည် (၁၂) လမှ(၃၆) လအတွင်းနှင့် ၅% သည် (၃၆)လအထက် ကြာမြင့်ခဲ့သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၃)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီး နှင့် ပြည်နယ် တရားလွှတ်တော်များတွင် စစ်ဆေးပြီးပြတ်သည့် တရားမမှုများအနက် (၃၆) လအထက်ကြာမြင့်သည့်အမှုများသည် ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီး အမှုများ၏ ၉% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၅% ရှိခဲ့ပါသည်။

ဇယား (၁၃) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးတရားမမှုများ သက်တမ်းအလိုက်အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-၃၆ လ	၃၆ လ အထက်
၂၀၁၈	အရေအတွက်	၁၄၁၃	၁၃၂၁	၁၄၇၆	၉၂၃	၂၈
	ရာခိုင်နှုန်း	၂၇%	၂၆%	၂၉%	၁၈%	၁%
၂၀၁၉	အရေအတွက်	၁၅၀၈	၁၁၃၁	၆၉၅	၁၉၅၄	၆၃
	ရာခိုင်နှုန်း	၂၈%	၂၁%	၁၃%	၃၇%	၁%
၂၀၂၀	အရေအတွက်	၁၂၀၀	၉၁၃	၁၀၂၈	၁၇၆၂	၈၃
	ရာခိုင်နှုန်း	၂၄%	၁၈%	၂၁%	၃၅%	၂%

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-၃၆ လ	၃၆ လ အထက်
၂၀၂၁	အရေအတွက်	၃၉၅	၆၉၂	၁၂၃၃	၁၁၉၃	၃၆၂
	ရာခိုင်နှုန်း	၁၀%	၁၈%	၃၂%	၃၁%	၉%
၂၀၂၂	အရေအတွက်	၁၂၈၇	၁၁၃၈	၁၁၁၁	၁၂၅၃	၂၄၃
	ရာခိုင်နှုန်း	၂၆%	၂၃%	၂၂%	၂၅%	၅%



ပုံ(၁၃) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်းနှိုင်းယှဉ်ချက်

ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

ခရိုင်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာ မူလမှု ၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေမှုများ ကိုစစ်ဆေးပါသည်။ **ဇယား(၁၄)**နှင့်**(၁၅)**တို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ခရိုင် တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍ လည်းကောင်း ဖော်ပြထားပါသည်။

ခရိုင်တရားရုံးများတွင် ၂၀၂၂ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ ၃၈% သည် (၃)လအောက် ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပြီး ၂၂% သည် (၃)လမှ(၆)လအတွင်း၊ ၂၂% သည် (၆)လမှ(၁၂)လအတွင်းနှင့် ၁၈% သည် (၁၂)လအထက် ကြာမြင့်ခဲ့သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၁၄)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ခရိုင်တရားရုံးများတွင် စစ်ဆေးပြီးပြတ်သည့် ရာဇဝတ်မှုများအနက် (၁၂) လ အထက် ကြာမြင့်သည့် ရာဇဝတ်မှုများသည် ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၂၂% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၁၈% ရှိခဲ့ပါသည်။

ဇယား (၁၄) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း အလိုက်အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၁၀၈၉၇	၆၃၂၃	၄၀၆၀	၁၁၃၄	၂၂၄၁၄
	ရာခိုင်နှုန်း	၄၉%	၂၈%	၁၈%	၅%	၁၀၀%
၂၀၁၉	အရေအတွက်	၁၁၆၆၀	၆၅၀၈	၄၂၃၂	၁၂၅၄	၂၃၆၅၄
	ရာခိုင်နှုန်း	၄၉%	၂၈%	၁၈%	၅%	၁၀၀%
၂၀၂၀	အရေအတွက်	၈၅၄၆	၅၂၀၆	၂၉၀၆	၉၃၇	၁၇၅၉၅
	ရာခိုင်နှုန်း	၄၉%	၃၀%	၁၆%	၅%	၁၀၀%
၂၀၂၁	အရေအတွက်	၃၈၆၁	၃၂၄၆	၃၄၀၈	၃၀၃၀	၁၃၅၄၅
	ရာခိုင်နှုန်း	၂၉%	၂၄%	၂၅%	၂၂%	၁၀၀%
၂၀၂၂	အရေအတွက်	၁၀၅၉၉	၆၀၄၅	၆၁၂၅	၅၃၀၃	၂၈၀၇၂
	ရာခိုင်နှုန်း	၃၈%	၂၂%	၂၂%	၁၉%	၁၀၀%



ပုံ (၁၄) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်းနှိုင်းယှဉ်ချက်

ခရိုင်တရားရုံးများတွင် ၂၀၂၂ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးတရားမမှုများ၏ ၆%သည် (၃)လအောက် ကြာမြင့် သည့်အမှုများဖြစ်ပြီး ၁၉% သည် (၃)လမှ(၆)လအတွင်း၊ ၁၆% သည် (၆)လမှ(၁၂)လ အတွင်း၊ ၂၇% သည် (၁၂)လ မှ(၃၆)လအတွင်းနှင့် ၃၂% သည် (၃၆)လအထက် ကြာမြင့်ခဲ့သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၅)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ခရိုင်တရားရုံးများတွင် စစ်ဆေးဆုံးဖြတ်ခဲ့သည့် တရားမမှုများအနက် (၃၆)လ အထက် ကြန့်ကြာခဲ့သည့်အမှုများမှာ ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၁၃% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း ဆုံးဖြတ်ပြီးအမှုများ၏ ၃၂% ရှိခဲ့ပါသည်။

ဇယား(၁၅) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းအလိုက်အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-၃၆ လ	၃၆လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၃၄၈၀	၂၆၈၂	၂၀၃၃	၂၄၆၁	၁၁၉၇	၁၁၈၅၃
	ရာခိုင်နှုန်း	၂၉%	၂၃%	၁၇%	၂၁%	၁၀%	၁၀၀%
၂၀၁၉	အရေအတွက်	၂၈၄၈	၃၇၆၂	၂၅၁၆	၂၄၃၆	၁၂၁၅	၁၂၇၇၇
	ရာခိုင်နှုန်း	၂၂%	၂၉%	၂၀%	၁၉%	၁၀%	၁၀၀%
၂၀၂၀	အရေအတွက်	၂၄၆၀	၃၀၇၂	၁၉၇၇	၂၂၉၆	၈၄၃	၁၀၆၄၈
	ရာခိုင်နှုန်း	၂၃%	၂၉%	၁၉%	၂၂%	၈%	၁၀၀%
၂၀၂၁	အရေအတွက်	၅၆၂	၁၃၀၆	၁၄၄၂	၂၁၉၈	၈၄၂	၆၃၅၀
	ရာခိုင်နှုန်း	၈.၉%	၂၀.၆%	၂၂.၇%	၃၄.၆%	၁၃.၃%	၁၀၀%
၂၀၂၂	အရေအတွက်	၁၇၃၀	၅၃၇၁	၄၄၇၅	၇၄၄၅	၈၈၄၅	၂၇၈၆၆
	ရာခိုင်နှုန်း	၆%	၁၉%	၁၆%	၂၇%	၃၂%	၁၀၀%



ပုံ(၁၅) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်းနှိုင်းယှဉ်ချက်

မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

မြို့နယ်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာမူလမှုများကို စစ်ဆေးပါသည်။ **ဇယား (၁၆)** နှင့် **(၁၇)** တို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းကို အမှု အရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

မြို့နယ်တရားရုံးများတွင် ၂၀၂၂ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ ၆၂% သည် နေ့ချင်းပြီး အမှုများဖြစ်ပြီး ၁၄% သည် (၃) လအောက်၊ ၇% သည် (၃) လမှ (၆) လအတွင်း၊ ၈% သည် (၆)လမှ (၁၂)လ အတွင်းနှင့် ၉% သည် (၁၂)လအထက်ကြာမြင့်ခဲ့သည့် အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၁၆)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် စစ်ဆေးဆုံးဖြတ်ခဲ့သည့်ရာဇဝတ်မှုများအနက် (၁၂)လ အထက် ကြန့်ကြာခဲ့သည့်အမှုများမှာ ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၁၇.၅% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း ဆုံးဖြတ်ပြီးအမှုများ၏ ၉% ရှိခဲ့ပါသည်။

ဇယား(၁၆) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်းအလိုက်အမှုအရေအတွက်

ခုနှစ်		နေ့ချင်း	၃ လ အောက်	၃-၆လ	၆-၁၂ လ	၁၂ လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၁၉၀၆၃၈	၅၅၂၃၈	၃၄၄၀၀	၂၃၃၉၇	၉၁၁၇	၃၁၀၇၉၀
	ရာခိုင်နှုန်း	၆၁%	၁၈%	၁၀%	၈%	၃%	၁၀၀%

ခုနှစ်		နေ့ချင်း	၃ လ အောက်	၃-၆လ	၆-၁၂ လ	၁၂ လ အထက်	စုစုပေါင်း
၂၀၁၉	အရေအတွက်	၃၀၄၉၁၃	၅၆၅၃၁	၃၂၂၁၉	၂၂၅၅၁	၁၁၅၉၃	၄၂၇၈၀၇
	ရာခိုင်နှုန်း	၇၁%	၁၃%	၈%	၅%	၃%	၁၀၀%
၂၀၂၀	အရေအတွက်	၁၉၁၉၅၅	၄၄၅၄၉	၂၁၀၅၉	၁၅၄၀၇	၁၀၁၁၇	၂၈၃၀၈၇
	ရာခိုင်နှုန်း	၆၈%	၁၆%	၇%	၅%	၄%	၁၀၀%
၂၀၂၁	အရေအတွက်	၅၁၂၉၃	၂၂၅၈၉	၁၄၅၉၈	၂၃၅၆၀	၂၃၈၀၄	၁၃၅၈၄၄
	ရာခိုင်နှုန်း	၃၇.၈%	၁၆.၆%	၁၀.၇%	၁၇.၃%	၁၇.၅%	၁၀၀%
၂၀၂၂	အရေအတွက်	၁၄၈၉၉၈	၃၄၇၈၀	၁၇၄၇၁	၁၈၁၈၈	၂၂၅၉၀	၂၄၂၀၂၇
	ရာခိုင်နှုန်း	၆၂%	၁၄%	၇%	၈%	၉%	၁၀၀%



ပုံ(၁၆) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

မြို့နယ်တရားရုံးများတွင် ၂၀၂၂ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးတရားမမှုများ၏ ၃၁% သည် (၆) လ အောက်ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပြီး ၁၉% သည် (၆)လမှ(၁၂)လအတွင်း ၊ ၃၆% သည် (၁၂)လမှ (၃၆) လ အတွင်းနှင့် ၁၄% သည် (၃၆)လအထက် ကြာမြင့်သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၇)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် စစ်ဆေးဆုံးဖြတ်ခဲ့သည့်တရားမမှုများအနက် (၃၆)လ အထက် ကြန့်ကြာခဲ့သည့်အမှုများမှာ ယခင်နှစ်က စုစုပေါင်းဆုံးဖြတ်ပြီးအမှုများ၏ ၇.၅% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း ဆုံးဖြတ်ပြီးအမှုများ၏ ၁၄% ရှိခဲ့ပါသည်။

ဇယား (၁၇) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်းအလိုက်အမှုအရေအတွက်

ခုနှစ်		၆-လ အောက်	၆-၁၂ လ	၁၂-၃၆ လ	၃၆ လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၁၃၁၀၃	၇၄၆၇	၅၆၄၅	၁၂၄၄	၂၇၄၅၉
	ရာခိုင်နှုန်း	၄၈%	၂၇%	၂၁%	၅%	၁၀၀%
၂၀၁၉	အရေအတွက်	၁၃၉၀၉	၈၀၄၀	၆၀၁၅	၁၄၁၈	၂၉၃၈၂
	ရာခိုင်နှုန်း	၄၇%	၂၇%	၂၁%	၅%	၁၀၀%
၂၀၂၀	အရေအတွက်	၉၃၈၂	၆၂၃၂	၅၃၅၀	၁၀၁၈	၂၁၉၈၂
	ရာခိုင်နှုန်း	၄၃%	၂၈%	၂၄%	၅%	၁၀၀%
၂၀၂၁	အရေအတွက်	၄၆၁၆	၃၆၀၁	၅၂၂၂	၁၀၉၂	၁၄၅၃၁
	ရာခိုင်နှုန်း	၃၁.၈%	၂၄.၈%	၃၅.၉%	၇.၅%	၁၀၀%
၂၀၂၂	အရေအတွက်	၇၉၈၅	၄၉၀၄	၉၃၃၀	၃၄၉၅	၂၅၇၁၄
	ရာခိုင်နှုန်း	၃၁%	၁၉%	၃၆%	၁၄%	၁၀၀%



ပုံ(၁၇) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

စစ်ဆေးဆဲအမှုများ၏သက်တမ်း

စစ်ဆေးဆဲအမှုများ၏ သက်တမ်းသည် တရားရုံးများ၏ အမှုဟောင်းနှင့် ကြန့်ကြာမှုခင်းများကို စောင့်ကြပ်ကြည့်ရှုရန် ပြက္ခဒိန်နှစ်ကုန်ဆုံးချိန်တွင် စစ်ဆေးဆဲအမှုအရေအတွက်နှင့် ကြာမြင့်သည့်ကာလ အလိုက်အမှုအရေ အတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ (၁၂) လအထက်ကြာမြင့်သည့် ရာဇဝတ်မှု နှင့် (၃၆) လ အထက်ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများသက်တမ်း

ဇယား (၁၈) (၁၉) (၂၀) တို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများသက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက် နှိုင်းယှဉ်၍ လည်းကောင်း ဖော်ပြထားပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲ ရာဇဝတ်မှုများ၏ ဖြစ်%သည် (၃)လအောက်ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၆% သည် (၃) လမှ (၆) လအတွင်း၊ ၅% သည် (၆) လမှ (၁၂) လ အတွင်း၊ ၂% သည်(၁၂) လအထက်ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၁၈)** တွင်ဖော်ပြထားပါသည်။

ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ယခင်နှစ်က (၁၂)လအထက် ကြန့်ကြာခဲ့သည့် စစ်ဆေးဆဲရာဇဝတ်မှုများသည် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၉ % ရှိခဲ့လည်း ယခုနှစ်တွင် စုစုပေါင်း စစ်ဆေးဆဲ အမှုများ၏ ၂% ရှိပါသည်။

ဇယား (၁၈) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်းအလိုက်အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆- ၁၂ လ	၁၂- ၂၄လ	စုစုပေါင်း
၂၀၁၈	အရေအတွက်	၄၂၀	၂၁၅	၉၆	၀	၇၃၁
	ရာခိုင်နှုန်း	၅၇.၅%	၂၉.၅%	၁၃%	၀%	၁၀၀%
၂၀၁၉	အရေအတွက်	၂၈၀	၁၆၃	၁၄	၀	၄၅၇
	ရာခိုင်နှုန်း	၆၁%	၃၆%	၃%	၀%	၁၀၀%
၂၀၂၀	အရေအတွက်	၁၈၄	၂၄၉	၂၄၀	၀	၆၇၃
	ရာခိုင်နှုန်း	၂၇%	၃၇%	၃၆%	၀%	၁၀၀%
၂၀၂၁	အရေအတွက်	၁၁၀	၃၇	၂၄	၁၇	၁၈၈
	ရာခိုင်နှုန်း	၅၈.၅%	၁၉.၇%	၁၂.၈%	၉.၀%	၁၀၀%
၂၀၂၂	အရေအတွက်	၂၁၈	၈၆	၁၆	၈	၃၂၈
	ရာခိုင်နှုန်း	၆၆%	၂၆%	၅%	၂%	၁၀၀%



ပုံ(၁၈) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲတရားမမှုများ၏ ၄၆% သည် (၃) လအောက်ကြာမြင့်ခဲ့သည့်အမှုများဖြစ်ပြီး ၃၀% သည် (၃) လမှ(၆) လအတွင်း၊ ၁၇% သည် (၆) လမှ(၁၂) လ အတွင်း၊ ၇% သည် (၁၂)လအထက် ကြာမြင့်ခဲ့သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၉)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် (၁၂)လအထက် ကြန့်ကြာသည့် တရားမမှုများမှာ ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၃၆% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၇% ရှိပါသည်။

ဇယား (၁၉) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃- ၆ လ	၆- ၁၂ လ	၁၂-၂၄ လ	စုစုပေါင်း
၂၀၁၈	အရေအတွက်	၅၇၀	၆၆၃	၁၃၈	၇၄	၁၄၄၅
	ရာခိုင်နှုန်း	၃၉%	၄၆%	၁၀%	၅%	၁၀၀%
၂၀၁၉	အရေအတွက်	၂၉၈	၂၅၈	၄၀၅	၁၁	၉၇၂
	ရာခိုင်နှုန်း	၃၁%	၂၆%	၄၂%	၁%	၁၀၀%
၂၀၂၀	အရေအတွက်	၃၈၅	၅၃၇	၄၃၉	၃၇	၁၃၉၈
	ရာခိုင်နှုန်း	၂၈%	၃၈%	၃၁%	၃%	၁၀၀%

ခုနှစ်		၃-လ အောက်	၃- ၆ လ	၆- ၁၂ လ	၁၂-၂၄ လ	စုစုပေါင်း
၂၀၂၁	အရေအတွက်	၂၅၄	၁၀၄	၂၈၈	၃၆၂	၁၀၀၈
	ရာခိုင်နှုန်း	၂၅%	၁၀%	၂၉%	၃၆%	၁၀၀%
၂၀၂၂	အရေအတွက်	၃၉၀	၂၅၆	၁၄၅	၆၄	၈၅၅
	ရာခိုင်နှုန်း	၄၆%	၃၀%	၁၇%	၇%	၁၀၀%



ပုံ (၁၉) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲတရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲစာရွက်စာတမ်းများအနက် (၃) လ အောက်နှင့် (၃)လမှ(၆)လအတွင်း၊ (၆)လမှ(၁၂)လအတွင်း ကြာမြင့်မှုများမရှိပါ။ စစ်ဆေးဆဲအမှုများ၏ ၃၃%မှာ (၁၂)လမှ (၂၄)လအတွင်း ကြာမြင့်နေသည့်အမှုများဖြစ်ပြီး ၆၇% မှာ (၂၄) လအထက် ကြာမြင့်နေသည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၀)** တွင်ဖော်ပြထားပါသည်။

ယင်းဇယားအရ စာရွက်စာတမ်းများတွင် (၁၂) လမှ (၂၄) လအတွင်းနှင့် (၂၄) လအထက် ကြန့်ကြာသည့် စစ်ဆေးဆဲအမှုများ များပြားရခြင်းမှာ နိုင်ငံတော်သမ္မတရုံး၏ ၁-၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် (၁/၂၀၂၁)ဖြင့် နိုင်ငံတော်အရေးပေါ်အခြေအနေ တစ်နှစ်သတ်မှတ်ကြေညာထားသည့်ကာလအတွင်းဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၉၆(ခ)၊ စာရွက်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၃(ခ)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၁၆(ခ)တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာရွက်တော် လျှောက်ထားမှုများနှင့် ကြားနာမှုများအား ရပ်ဆိုင်းထားရခြင်းကြောင့်ဖြစ်ပါသည်။

ဇယား (၂၀) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲစာချွန်တော်မူများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-၂၄ လ	၂၄ လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၈၁	၂၉	၃၉	၂	၀	၁၅၁
	ရာခိုင်နှုန်း	၅၄%	၁၉%	၂၆%	၁%	၀%	၁၀၀%
၂၀၁၉	အရေအတွက်	၇၇	၃၅	၂၀	၀	၀	၁၃၂
	ရာခိုင်နှုန်း	၅၈%	၂၇%	၁၅%	၀%	၀%	၁၀၀%
၂၀၂၀	အရေအတွက်	၂၀	၇၆	၄၈	၂	၀	၁၄၆
	ရာခိုင်နှုန်း	၁၄%	၅၂%	၃၃%	၁%	၀%	၁၀၀%
၂၀၂၁	အရေအတွက်	၀	၀	၇၂	၁၄၅	၀	၂၁၇
	ရာခိုင်နှုန်း	၀%	၀%	၃၃%	၆၇%	၀%	၁၀၀%
၂၀၂၂	အရေအတွက်	၀	၀	၀	၇၂	၁၄၅	၂၁၇
	ရာခိုင်နှုန်း	၀%	၀%	၀%	၃၃%	၆၇%	၁၀၀%



ပုံ (၂၀) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲ စာချွန်တော်မူများသက်တမ်းနှိုင်းယှဉ်ချက်

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲအမှုများသက်တမ်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲအမှုများသက်တမ်းကို **ဇယား (၂၁)**နှင့် **(၂၂)** တို့တွင် အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍ လည်းကောင်း ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲရာဇဝတ်မှုများ၏ ၄၂% သည် (၃)လအောက်ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၈% သည် (၃)လမှ

(၆)လ အတွင်း၊ ၁၈% သည် (၆)လမှ(၁၂)လအတွင်း နှင့် ၁၂% သည် (၁၂)လအထက်ကြာမြင့်နေသည့် အမှုများ ဖြစ်ပါ သည်။ အသေးစိတ်ကို **ဇယား (၂၁)** တွင်ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် (၁၂)လအထက် ကြန့်ကြာသည့် ရာဇဝတ်မှုများမှာ ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၅၃% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း စစ်ဆေးဆဲ အမှုများ၏ ၁၂% ရှိခဲ့ပါသည်။

ဇယား (၂၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၁၄၄၀	၉၂၃	၆၁၉	၁၂၃	၃၁၀၅
	ရာခိုင်နှုန်း	၄၆%	၃၀%	၂၀%	၄%	၁၀၀%
၂၀၁၉	အရေအတွက်	၁၅၉၂	၁၁၀၈	၇၀၁	၂၂၇	၃၆၂၈
	ရာခိုင်နှုန်း	၄၄%	၃၁%	၁၉%	၆%	၁၀၀%
၂၀၂၀	အရေအတွက်	၁၀၀၇	၉၆၃	၁၂၂၆	၇၆၈	၃၉၆၄
	ရာခိုင်နှုန်း	၂၅.၀%	၂၄%	၃၁%	၂၀.၀%	၁၀၀%
၂၀၂၁	အရေအတွက်	၃၉၄	၂၂၂	၃၉၃	၁၁၅၇	၂၁၆၆
	ရာခိုင်နှုန်း	၁၈.၁၉%	၁၀.၂၅%	၁၈.၁၄%	၅၃.၄၂%	၁၀၀.၀%
၂၀၂၂	အရေအတွက်	၈၃၅	၅၆၁	၃၆၉	၂၄၄	၂၀၀၉
	ရာခိုင်နှုန်း	၄၂%	၂၈%	၁၈%	၁၂%	၁၀၀%



ပုံ (၂၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်းနှိုင်းယှဉ်ချက်

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲတရားမမှုများ၏ ၁၈% သည် (၃)လအောက်ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၄% သည် (၃)လမှ(၆)လအတွင်း၊ ၁၄% သည် (၆)လမှ (၁၂) လအတွင်း၊ ၃၃% သည် (၁၂) လမှ(၃၆) လအတွင်းနှင့် ၁၁% သည် (၃၆)လအထက် ကြာမြင့်နေသည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၂)** တွင်ဖော်ပြထားပါသည်။

ယင်းဇယားအရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် (၃၆)လအထက် ကြန့်ကြာသည့် စစ်ဆေးဆဲတရားမမှုများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၅% ပိုမိုများပြားခဲ့ပါသည်။

ဇယား (၂၂) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-၃၆ လ	၃၆ လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၁၅၇၀	၁၄၄၉	၁၇၉၅	၃၀၉	၁၇၇	၅၃၀၀
	ရာခိုင်နှုန်း	၃၀%	၂၇%	၃၄%	၆%	၃%	၁၀၀%
၂၀၁၉	အရေအတွက်	၁၅၄၇	၁၄၀၃	၂၂၄၃	၁၀၅၇	၁၇၂	၆၄၂၂
	ရာခိုင်နှုန်း	၂၄%	၂၂%	၃၅%	၁၆%	၃%	၁၀၀%
၂၀၂၀	အရေအတွက်	၇၇၇	၁၅၃၄	၁၅၇၈	၂၇၇၇	၂၄၇	၆၉၁၃
	ရာခိုင်နှုန်း	၁၁%	၂၂%	၂၃%	၄၀%	၄%	၁၀၀%
၂၀၂၁	အရေအတွက်	၄၂၉	၃၅၃	၁၀၁၄	၂၆၄၂	၂၈၉	၄၇၂၇
	ရာခိုင်နှုန်း	၉.၁%	၇.၅%	၂၁.၅%	၅၅.၉%	၆.၁%	၁၀၀%
၂၀၂၂	အရေအတွက်	၇၁၆	၉၇၇	၅၇၉	၁၃၃၄	၄၄၄	၄၀၅၀
	ရာခိုင်နှုန်း	၁၈%	၂၄%	၁၄%	၃၃%	၁၁%	၁၀၀%



ပုံ(၂၂) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲတရားမှုများသက်တမ်း နှိုင်းယှဉ်ချက်

ခရိုင်တရားရုံးများ၏စစ်ဆေးဆဲအမှုများသက်တမ်း

ခရိုင်တရားရုံးများ၏ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲအမှုများ၏သက်တမ်းကို **ဇယား (၂၃)** နှင့် **(၂၄)** တို့တွင် အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ခရိုင်တရားရုံးများတွင် ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲရာဇဝတ်မှုများ၏ ၄၂% သည် (၃)လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၂% သည် (၃) လမှ(၆) လအတွင်း ၊ ၂၀% သည် (၆) လမှ (၁၂) လအတွင်းနှင့် ၁၆% သည် (၁၂) လအထက်ကြာမြင့်သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၃)** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ခရိုင်တရားရုံးများများတွင် (၁၂)လအထက် ကြန့်ကြာသည့် ရာဇဝတ်မှုများမှာ ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂၂% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၁၆% ရှိပါသည်။

ဇယား (၂၃) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၃၉၀၉	၂၃၄၂	၁၅၈၈	၃၈၀	၈၂၁၉
	ရာခိုင်နှုန်း	၄၈%	၂၈%	၁၉%	၅%	၁၀၀%
၂၀၁၉	အရေအတွက်	၃၆၄၅	၁၇၈၃	၁၂၅၄	၅၃၆	၇၂၁၈
	ရာခိုင်နှုန်း	၅၁%	၂၅%	၁၇%	၇%	၁၀၀%

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၂၀	အရေအတွက်	၃၅၉၇	၃၀၄၀	၂၃၈၉	၁၁၃၇	၁၀၁၆၃
	ရာခိုင်နှုန်း	၃၅%	၃၀%	၂၄%	၁၁%	၁၀၀%
၂၀၂၁	အရေအတွက်	၃၃၅၄	၁၈၃၃	၂၂၃၃	၂၁၁၉	၉၅၃၉
	ရာခိုင်နှုန်း	၃၅.၁၆%	၁၉.၂၂%	၂၃.၄၁%	၂၂.၂၁%	၁၀၀%
၂၀၂၂	အရေအတွက်	၃၅၈၃	၁၈၇၆	၁၆၅၈	၁၃၇၃	၈၄၉၀
	ရာခိုင်နှုန်း	၄၂%	၂၂%	၂၀%	၁၆%	၁၀၀%



ပုံ(၂၃) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

ခရိုင်တရားရုံးများတွင် ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲတရားမမှုများ၏ ၂% သည် (၃) လအောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၁% သည် (၃)လမှ(၆)လ အတွင်း၊ ၁၆% သည်(၆) လမှ (၁၂) လ အတွင်း၊ ၂၈% သည် (၁၂)လမှ(၃၆)လအတွင်းနှင့် ၃၃% သည် (၃၆)လအထက် ကြာမြင့်သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၄)** တွင်ဖော်ပြထားပါသည်။

ယင်းဇယားအရ (၁၂)လမှ (၃၆)လအတွင်းကြာမြင့်သည့် စစ်ဆေးဆဲအမှုများသည် ယခင်နှစ်က စုစုပေါင်း စစ်ဆေးဆဲအမှုများ၏ ၄၅% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂၈% ရှိပါသည်။ (၃၆) လ အထက်ကြာမြင့်သည့် စစ်ဆေးဆဲအမှုများသည်လည်း ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၂၃% မှ ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၃၃% ထိ တိုးမြင့်လာခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား (၂၄) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃ လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-၂၄ လ	၂၄ လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၆၆၂	၄၀၂၆	၄၀၆၆	၃၇၇၁	၂၁၆၈	၁၄၆၉၃
	ရာခိုင်နှုန်း	၄.၅%	၂၇%	၂၇.၅%	၂၆%	၁၅%	၁၀၀%
၂၀၁၉	အရေအတွက်	၇၂၁	၄၈၈၇	၄၀၀၈	၅၀၇၆	၂၄၉၀	၁၇၁၈၂
	ရာခိုင်နှုန်း	၄%	၂၈%	၂၃%	၃၀%	၁၄%	၁၀၀%
၂၀၂၀	အရေအတွက်	၄၄၁	၄၇၉၂	၄၉၆၈	၇၆၀၁	၂၇၆၃	၂၀၅၆၅
	ရာခိုင်နှုန်း	၂%	၂၄.၀%	၂၄%	၃၇%	၁၃.၀%	၁၀၀%
၂၀၂၁	အရေအတွက်	၂၃၂	၃၂၅၂	၃၃၆၃	၆၆၉၆	၄၉၁၅	၂၁၄၅၈
	ရာခိုင်နှုန်း	၁%	၁၅%	၁၆%	၄၅%	၂၃%	၁၀၀%
၂၀၂၂	အရေအတွက်	၄၀၁	၄၄၁၂	၃၃၅၂	၅၉၃၀	၆၉၂၅	၂၁၀၂၀
	ရာခိုင်နှုန်း	၂%	၂၁%	၁၆%	၂၈%	၃၃%	၁၀၀%



ပုံ(၂၄) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

မြို့နယ်တရားရုံးများ၏စစ်ဆေးဆဲအမှုများသက်တမ်း

မြို့နယ်တရားရုံးများ၏ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲအမှုများ၏သက်တမ်းကို **ဇယား (၂၅)**နှင့်**(၂၆)**တို့တွင် အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

မြို့နယ်တရားရုံးများတွင် ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲရာဇဝတ်မှုများ၏ ၂၈% သည် (၃) လ အောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၁၇% သည် (၃) လမှ(၆) လအတွင်း၊ ၂၀% သည်(၆) လမှ(၁၂) လ အတွင်းနှင့် ၃၄% သည် (၁၂)လအထက် ကြာမြင့်သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၅)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် (၁၂)လအထက် ကြာမြင့်လျက်ရှိသည့်ရာဇဝတ်မှုများသည် ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၄၁% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၃၄% ရှိပါသည်။

ဇယား (၂၅) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၃-လ အောက်	၃-၆ လ	၆-၁၂ လ	၁၂-လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၁၉၃၃၄	၁၅၇၀၅	၁၀၉၇၇	၇၉၂၁	၅၃၉၃၇
	ရာခိုင်နှုန်း	၃၆%	၂၉%	၂၀%	၁၅%	၁၀၀%
၂၀၁၉	အရေအတွက်	၁၇၃၉၄	၁၃၀၂၅	၁၁၈၅၅	၁၀၄၀၀	၅၂၆၇၄
	ရာခိုင်နှုန်း	၃၃%	၂၅%	၂၂%	၂၀%	၁၀၀%
၂၀၂၀	အရေအတွက်	၂၀၅၂၇	၁၉၃၇၂	၁၈၆၆၅	၁၈၀၄၄	၇၆၆၀၈
	ရာခိုင်နှုန်း	၂၇%	၂၅%	၂၄%	၂၄%	၁၀၀%
၂၀၂၁	အရေအတွက်	၁၃၄၁၁	၆၆၁၉	၁၃၂၁၅	၂၃၃၁၇	၅၆၅၆၂
	ရာခိုင်နှုန်း	၂၄%	၁၂%	၂၃%	၄၁%	၁၀၀%
၂၀၂၂	အရေအတွက်	၁၀၁၁၉	၆၁၇၁	၇၄၀၁	၁၂၄၇၈	၃၆၁၆၉
	ရာခိုင်နှုန်း	၂၈%	၁၇%	၂၀%	၃၄%	၁၀၀%



ပုံ(၂၅) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်

မြို့နယ်တရားရုံးများတွင် ၂၀၂၂ ခုနှစ်အတွင်း စစ်ဆေးဆဲတရားမမှုများ၏ ၃၂% သည် (၆) လ အောက် ကြာမြင့်သည့်အမှုများဖြစ်ပြီး ၂၁% သည် (၆)လမှ(၁၂)လအတွင်း၊ ၃၀% သည် (၁၂)လမှ (၃၆)လ အတွင်းနှင့် ၁၇% သည် (၃၆) လအထက်ကြာမြင့်သည့်အမှုများ ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၂၆)** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် (၃၆)လအထက် ကြာမြင့်လျက်ရှိသည့် တရားမမှုများသည် ယခင်နှစ်က စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၁၃% ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်းစစ်ဆေးဆဲအမှုများ၏ ၁၇% ရှိပါသည်။

ဇယား (၂၆) ၂၀၁၈ မှ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများ သက်တမ်းအလိုက် အမှုအရေအတွက်

ခုနှစ်		၆-လ အောက်	၆-၁၂လ	၁၂-၃၆ လ	၃၆ လ အထက်	စုစုပေါင်း
၂၀၁၈	အရေအတွက်	၉၈၇၈	၅၉၉၅	၄၆၇၇	၁၃၅၈	၂၁၉၀၈
	ရာခိုင်နှုန်း	၄၅%	၂၇.၅%	၂၁.၅%	၆%	၁၀၀%
၂၀၁၉	အရေအတွက်	၉၆၅၁	၆၆၄၂	၅၅၈၉	၁၅၅၀	၂၃၄၃၂
	ရာခိုင်နှုန်း	၄၁%	၂၈%	၂၄%	၇%	၁၀၀%
၂၀၂၀	အရေအတွက်	၉၂၉၄	၇၇၃၄	၉၀၁၂	၂၂၉၂	၂၈၃၃၂
	ရာခိုင်နှုန်း	၃၃%	၂၇%	၃၂%	၈%	၁၀၀%
၂၀၂၁	အရေအတွက်	၄၃၈၅	၅၀၆၆	၁၃၈၀၁	၃၅၆၈	၂၆၈၂၀
	ရာခိုင်နှုန်း	၁၆.၃%	၁၈.၉%	၅၁.၅%	၁၃.၃%	၁၀၀%
၂၀၂၂	အရေအတွက်	၆၅၃၀	၄၂၄၇	၆၂၇၉	၃၅၆၄	၂၀၆၂၀
	ရာခိုင်နှုန်း	၃၂%	၂၁%	၃၀%	၁၇%	၁၀၀%



ပုံ(၂၆) ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်

အယူခံတက်ရောက်မှုနှုန်း

အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အတွင်း တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်အပေါ် အမှုသည်များ၏ကျေနပ်မှုကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း

မြို့နယ်တရားရုံးများမှဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် ခရိုင်တရားရုံးများ၏အယူခံမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ စုစုပေါင်းအယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် ၁% ရှိပြီး၊ တရားမမှုများတွင် ၇.၁% ရှိပါသည်။

၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၇)** တွင် ဖော်ပြထားပါသည်။

ဧယား (၂၇) ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းနှင့် အမှုအရေအတွက်

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ရာဇဝတ်		တရားမ		အယူခံနှုန်း	
		ဆုံးဖြတ်ပြီးအမှု (မြို့နယ်)	အယူခံမှု (ခရိုင်)	ဆုံးဖြတ်ပြီးအမှု (မြို့နယ်)	အယူခံမှု (ခရိုင်)	ရာဇဝတ်	တရားမ
၁	ကချင်	၃၂၂၁	၅၀	၂၆၇	၁၈	၁.၆%	၆.၇%
၂	ကယား	၄၈၂	၁၁	၄၃	၂	၂.၃%	၄.၇%
၃	ကရင်	၄၁၅၁	၇၄	၁၃၃	၈	၁.၈%	၆.၀%
၄	ချင်း	၃၀၃	၁၁	၂၀	၀	၃.၆%	၀.၀%
၅	စစ်ကိုင်း	၇၁၅၅	၆၆	၉၈၇	၅၇	၀.၉%	၅.၈%
၆	တနင်္သာရီ	၁၃၀၈၀	၄၆	၃၄၁	၂၈	၀.၄%	၈.၂%
၇	ပဲခူး	၃၅၅၉၅	၁၀၃	၃၉၈၆	၃၀၉	၀.၃%	၇.၈%
၈	မကွေး	၁၀၅၃၀	၁၅၂	၂၃၄၁	၁၇၂	၁.၄%	၇.၃%
၉	မန္တလေး	၂၃၉၂၂	၃၁၉	၄၈၈၈	၃၉၀	၁.၃%	၈.၀%
၁၀	မွန်	၉၈၇၆	၅၆	၁၁၄၁	၉၅	၀.၆%	၈.၃%
၁၁	ရခိုင်	၆၆၀၉	၆၃	၇၂၁	၃၉	၁%	၅.၄%
၁၂	ရန်ကုန်	၃၂၈၂၈	၅၈၄	၄၅၅၄	၂၄၇	၁.၈%	၅.၄%
၁၃	ရှမ်း	၁၁၇၃၁	၂၂၇	၇၆၈	၉၀	၁.၉%	၁၁.၇%
၁၄	ဧရာဝတီ	၃၀၄၂၇	၁၄၄	၅၅၂၄	၃၆၇	၀.၅%	၆.၆%
စုစုပေါင်း		၁၈၉၉၁၀	၁၉၀၆	၂၅၇၁၄	၁၈၂၂	၁%	၇.၁%



ပုံ(၂၇) ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း နှိုင်းယှဉ်ချက်

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ တိုင်းဒေသကြီး / ပြည်နယ် တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်း

ခရိုင်တရားရုံးများမှဆုံးဖြတ်ချက်အပေါ်အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် ခရိုင်တရားရုံးများ၏ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အယူခံမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေ အယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများမှ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များသို့ စုစုပေါင်း အယူခံတက်ရောက်နှုန်းသည် ရာဇဝတ်မှုများတွင် ၇% ရှိပြီး တရားမမှုများတွင် ၆% ရှိပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၈)**တွင် ဖော်ပြထားပါသည်။

ဇယား (၂၈) ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ
တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်းနှင့် အမှုအရေအတွက်

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ရာဇဝတ်		တရားမ		အယူခံနှုန်း	
		ဆုံးဖြတ်ပြီးအမှု (ခရိုင်)	အယူခံမှု (တရားလွှတ်တော်)	ဆုံးဖြတ်ပြီးအမှု (ခရိုင်)	အယူခံမှု (တရားလွှတ်တော်)	ရာဇဝတ်	တရားမ
၁	ကချင်	၁၃၀၉	၁၈၄	၃၁၄	၃၈	၁၄%	၁၂%
၂	ကယား	၁၃၂	၂၀	၇၃	၁	၁၅%	၁%
၃	ကရင်	၉၇၆	၁၄၁	၂၈၆	၃၀	၁၄%	၁၀%
၄	ချင်း	၈၁	၆	၁၃	၁	၇%	၈%
၅	စစ်ကိုင်း	၁၇၁၆	၁၂၉	၅၇၅	၆၉	၈%	၁၂%
၆	တနင်္သာရီ	၁၇၄၂	၁၄၄	၂၆၀	၃၁	၈%	၁၂%
၇	ပဲခူး	၂၂၇၈	၁၄၀	၁၈၄၉	၁၄၉	၆%	၈%
၈	မကွေး	၁၅၀၂	၁၂၁	၈၆၅	၁၁၀	၈%	၁၃%
၉	မန္တလေး	၅၉၁၇	၃၃၇	၆၅၂၄	၃၃၆	၆%	၅%
၁၀	မွန်	၁၄၃၅	၁၆၇	၉၀၉	၁၂၅	၁၂%	၁၄%
၁၁	ရခိုင်	၇၇၈	၈၃	၂၄၂	၄၂	၁၁%	၁၇%
၁၂	ရန်ကုန်	၆၆၄၈	၂၂၁	၁၃၂၂၁	၄၇၃	၃%	၄%
၁၃	ရှမ်း	၂၉၉၈	၂၆၉	၁၁၇၈	၁၂၂	၉%	၁၀%
၁၄	ဧရာဝတီ	၁၈၀၉	၂၀၆	၁၅၅၇	၁၇၉	၁၁%	၁၁%
စုစုပေါင်း		၂၉၃၂၁	၂၁၆၈	၂၇၈၆၆	၁၇၀၆	၇%	၆%



ပုံ (၂၈) ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်း နှိုင်းယှဉ်ချက်

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အယူခံမှုအရေအတွက်တို့ကို အချိုးအစားတွက်ချက်ခြင်းဖြစ်ပါသည်။

၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စုစုပေါင်းအယူခံတက်ရောက်နှုန်းသည် ရာဇဝတ်မှုများတွင် ၆% ရှိပြီး တရားမမှုများတွင် ၁၃% ရှိပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၉)** တွင်ဖော်ပြထားပါသည်။

ဇယား (၂၉) ၂၀၂၁ ခုနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်းနှင့်အမှုအရေအတွက်

ရာဇဝတ်		တရားမ		အယူခံနှုန်း	
ဆုံးဖြတ်ပြီးအမှု (တရားလွှတ်တော်)	အယူခံမှု (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)	ဆုံးဖြတ်ပြီးအမှု (တရားလွှတ်တော်)	အယူခံမှု (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)	ရာဇဝတ်	တရားမ
၄၆၆၂	၂၇၁	၅၀၃၂	၆၃၄	၆%	၁၃%



ပုံ(၂၉) ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်း

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့် ရာဇဝတ်မှုနှင့်တရားမမှု စွဲဆိုမှု ရာခိုင်နှုန်း

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ဆောင်ရသည့်လုပ်ငန်းပမာဏကို သိရှိနိုင်စေရန် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုမှုအရေအတွက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် စွဲဆို သောအမှုအရေအတွက် အချိုးအစားကို ရာခိုင်နှုန်းဖြင့် ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီး ၊ ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်တရားရုံး အဆင့်ဆင့်သို့ စွဲဆိုတင်ပို့ခဲ့သည့် ရာဇဝတ်မှုနှင့်တရားမမှု စွဲဆိုမှုရာခိုင်နှုန်းများကို **ဇယား(၃၀)**တွင် နှိုင်းယှဉ် ဖော်ပြထားပါသည်။ ဇယား (၃၀)အရ တိုင်းဒေသကြီး၊ ပြည်နယ်(၁၄)ခုတွင် စွဲဆိုထားသော ရာဇဝတ်မှုစုစုပေါင်း **၂၅၄၀၇၂** ရှိပါသည်။ အဆိုပါစွဲဆိုမှု၏ ၂၇.၅%ကို ရန်ကုန်တိုင်းဒေသကြီးတွင်စွဲဆိုခဲ့ပြီး၊ ၁၆.၇% ကို မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁၄.၂% ကို ပဲခူးတိုင်းဒေသကြီးတွင်လည်းကောင်း စွဲဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုတွင် စွဲဆိုထားသော တရားမမှုစုစုပေါင်း ၅၁၂၉၇ ရှိပါသည်။ အဆိုပါ စွဲဆိုမှု၏ ၃၃.၁**%** ကို ရန်ကုန်တိုင်းဒေသကြီးတွင် စွဲဆိုခဲ့ပြီး၊ ၂၂.၅**%** ကို မန္တလေးတိုင်းဒေသကြီးနှင့် ၁၃.၃% ကို ဧရာဝတီတိုင်းဒေသကြီးတွင် စွဲဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇယား (၃၀) ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်တရားရုံး အဆင့်ဆင့်သို့ စွဲဆိုတင်ပို့ခဲ့သည့် ရာဇဝတ်မှုနှင့်တရားမမှု စုစုပေါင်းစာရင်းနှင့် စွဲဆိုမှုရာခိုင်နှုန်း

တိုင်းဒေသကြီး /ပြည်နယ်	ရာဇဝတ်မှုစွဲတင် စုစုပေါင်း	တရားမမှုစွဲတင် စုစုပေါင်း	ရာဇဝတ်မှုစွဲတင် ရာခိုင်နှုန်း	တရားမမှုစွဲတင် ရာခိုင်နှုန်း
ကချင်	၄၂၆၂	၆၂၈	၁.၇%	၁.၂%
ကယား	၅၀၃	၅၉	၀.၂%	၀.၁%
ကရင်	၅၀၅၇	၅၅၆	၂%	၁.၁%
ချင်း	၃၁၉	၁၉	၀.၁%	၀.၀၄%
စစ်ကိုင်း	၈၀၈၈	၇၆၀	၃.၂%	၁.၅%
တနင်္သာရီ	၁၄၃၆၄	၄၆၂	၅.၇%	၀.၉%
ပဲခူး	၃၅၉၅၇	၅၅၈၃	၁၄.၂%	၁၀.၉%
မကွေး	၁၀၀၆၃	၂၈၀၅	၄%	၅.၅%
မန္တလေး	၄၂၅၂၀	၁၁၅၂၁	၁၆.၇%	၂၂.၅%
မွန်	၁၁၁၀၅	၂၀၅၆	၄.၄%	၄%
ရခိုင်	၇၂၃၅	၉၃၇	၂.၉%	၁.၈%
ရန်ကုန်	၆၉၈၄၉	၁၆၉၅၄	၂၇.၅%	၃၃.၁%
ရှမ်း	၁၄၂၉၀	၂၁၂၇	၅.၆%	၄.၁%
ဧရာဝတီ	၃၀၄၆၀	၆၈၃၀	၁၂%	၁၃.၃%
စုစုပေါင်း	၂၅၄၀၇၂	၅၁၂၉၇	၁၀၀.၀၀%	၁၀၀.၀၀%



ပုံ(၃၀)၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုခဲ့သည့် ရာဇဝတ်မှု၊ တရားမမှု စွဲဆိုမှုရာခိုင်နှုန်း

မှုခင်းပမာဏနှင့်တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု

ပြက္ခဒိန်နှစ်အတွင်း တရားသူကြီးတစ်ဦး စစ်ဆေးရသည့်မှုခင်းပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏကို တိုင်းတာရန်ဖြစ်ပါသည်။

၂၀၂၂ခုနှစ်တွင် တရားရုံးအဆင့်အလိုက် တရားသူကြီးတစ်ဦးလျှင် လက်ခံစစ်ဆေးရသည့် အမှုအရေအတွက် နှင့် စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်တို့ကို **ဧယား (၃၁)** တွင် ဖော်ပြထားပါသည်။

ယင်းဧယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၂၂၅ မှု ဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၂၂၆ မှု ဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့်အမှုအရေအတွက်မှာ ၁၅၀ မှုဖြစ်ပြီး စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၁၆၄ မှု ဖြစ်ပါသည်။

ခရိုင်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၂၂၁ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၂၂၇ မှု ဖြစ်ပါသည်။

မြို့နယ်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက် မှာ ၃၀၀ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၃၃၃ မှု ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်တွင် မြို့နယ်တရားရုံးများ၏ အမှုစစ်ဆေးပြီးပြတ်နိုင်သည့် စွမ်းဆောင်နိုင်မှုသည် အမြင့်မားဆုံးဖြစ်ပါသည်။

ဇယား (၃၁) ၂၀၂၂ ခုနှစ်အတွင်းတရားရုံးအဆင့်ဆင့်အလိုက် တရားသူကြီးတစ်ဦးစစ်ဆေးရသည့် အမှုပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏ

	စွဲဆိုမှု (ရာဇဝတ်+ တရားမ+ စာချုပ်)	ပြီးပြတ် (ရာဇဝတ်+ တရားမ+ စာချုပ်)	တရားသူကြီး အရေ အတွက်	မှုခင်း ပမာဏ	ဆောင်ရွက် နိုင်မှု	ဆောင်ရွက်မှု ရာခိုင်နှုန်း
ပြည်ထောင်စုတရား လွှတ်တော်ချုပ်	၂၉၂၀	၂၉၃၃	၁၃	၂၂၅	၂၂၆	၁၀၀%
တရားလွှတ်တော်များ	၈၈၆၀	၉၆၉၄	၅၉	၁၅၀	၁၆၄	၁၀၉%
ခရိုင်တရားရုံးများ	၅၅၇၀၀	၅၇၁၈၇	၂၅၂	၂၂၁	၂၂၇	၁၀၃%
မြို့နယ်တရားရုံးများ	၂၄၀၈၀၉	၂၆၇၇၄၁	၈၀၃	၃၀၀	၃၃၃	၁၁၁%



ပုံ(၃၁)၂၀၂၂ ခုနှစ်အတွင်း တရားသူကြီးတစ်ဦးစစ်ဆေးရသည့် အမှုပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏ

အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက်ခွဲခြားဖော်ပြခြင်း

၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့ စွဲဆိုခဲ့သည့် အရေးကြီး ရာဇဝတ်မှုများဖြစ်သည့် မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ယာဉ်မတော်တဆမှုကြောင့် လူသေမှု၊ ကလေးသူငယ်ဥပဒေအရစွဲဆိုသည့်မှုခင်းများ၏ စွဲဆိုသည့်ပမာဏအရ ဖြစ်ပွားနေသည့် အခြေအနေကို သိရှိစေရန်ရည်ရွယ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့စွဲဆိုခဲ့သည့် ရာဇဝတ်မူလမှု စုစုပေါင်း ၂၀၇၇၁၆ မှု ရှိပါသည်။ အဆိုပါအမှုများအနက် နေ့ချင်းပြီး စစ်ဆေးပြီးပြတ်ခဲ့သည့် အသေးအဖွဲမှုစုစုပေါင်း ၁၄၄၉၈၈ မှု ရှိပါသည်။

ကျန်ရှိသည့်အမှုပေါင်း ၆၂၇၂၈ မှုတွင် မူးယစ်ဆေးဝါးမှုများသည် ၁၁%၊ လူသတ်မှုများသည် ၂.၆%၊ မုဒိမ်းမှုများသည် ၀.၄%၊ သက်ငယ်မုဒိမ်းမှုများသည် ၁%၊ လူကုန်ကူးမှုများသည် ၀.၀၅%၊ ယာဉ်မတော်တဆမှုကြောင့်လူသေမှုသည် ၂.၅%၊ ကလေးသူငယ်မှုခင်းများသည် ၄.၇% နှင့်အခြားရာဇဝတ်မှုများ ၇၇.၈% စွဲဆိုခဲ့ပါသည်။ * အမှုအမျိုးအစားတစ်ခုချင်းအလိုက် အသေးစိတ်စာရင်းကို **ဇယား (၃၂)** တွင် ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မူးယစ်ဆေးဝါးမှု၊ လူသတ်မှု၊ မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှု၊ ယာဉ်မတော်တဆမှုကြောင့်လူသေမှု၊ ကလေးသူငယ်မှုခင်းများ၏ စွဲဆိုမှုအခြေပြဇယားကို **နောက်ဆက်တွဲ (စျ)** တွင် ဖော်ပြထားပါသည်။

အရေးကြီးရာဇဝတ်မှုခင်းများအနက် မူးယစ်ဆေးဝါးမှုများသည် စွဲဆိုမှုအများဆုံးဖြစ်ပြီး၊ ကလေးသူငယ်မှုခင်းများနှင့် လူသတ်မှုများသည် ဒုတိယနှင့် တတိယအများဆုံးစွဲဆိုသောအမှုများ ဖြစ်သည်ကို တွေ့ရှိရပါသည်။

ဇယား (၃၂) ၂၀၂၂ ခုနှစ်အတွင်း အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက်စွဲဆိုမှု

အမှုအမျိုးအစား		စွဲဆိုသည့်အမှုအရေအတွက်	ရာခိုင်နှုန်း
မူးယစ်ဆေးဝါးမှု		၆၈၈၉	၁၁.၀%
လူသတ်မှု		၁၆၀၇	၂.၆%
မုဒိမ်းမှု	အရွယ်ရောက်	၂၃၃	၀.၄%
	သက်ငယ်	၆၂၇	၁.၀%
လူကုန်ကူးမှု		၃၄	၀.၀၅%
ယာဉ်မတော်တဆမှုကြောင့် လူသေမှု		၁၅၇၄	၂.၅%
ကလေးသူငယ်ဥပဒေအရ စွဲဆိုသည့်မှုခင်းများ		၂၉၇၅	၄.၇%
အခြား		၄၈၇၈၉	၇၇.၈%
စုစုပေါင်း		**၆၂၇၂၈**	**၁၀၀.၀%**

**** တစ်နိုင်ငံလုံးရှိ မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့စွဲဆိုခဲ့သည့် ရာဇဝတ်မူလမှုအရေအတွက်မှ နေ့ချင်းပြီးစစ်ဆေးပြီးပြတ်သည့်အမှုများကိုနုတ်၍ကျန်ရှိသည့်အမှုအရေအတွက်နှင့်အရေးကြီးအမှုအမျိုးအစားတစ်ခုချင်းအလိုက်စွဲဆိုသည့်အမှုအရေအတွက်ကို အချိုးယူတွက်ချက်ထားခြင်းဖြစ်ပါသည်။***



ပုံ(၃၂) ၂၀၂၂ ခုနှစ်အတွင်း အရေးကြီး ရာဇဝတ်မှုအမျိုးအစားအလိုက်စွဲဆိုမှု

အပိုင်း - ၄

မဟာဗျူဟာစီမံကိန်း ပဉ္စမနှစ်

လုပ်ငန်းအစီအစဉ် (၂၀၂၂)

အကောင်အထည်ဖော်ဆောင်ရွက်မှုများ

မဟာဗျူဟာစီမံကိန်းဖွဲ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံ၏တရားစီရင်ရေးကဏ္ဍကို ခေတ်နှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်ရန်အတွက် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၅ - ၂၀၁၇) ၏ အောင်မြင်မှုနှင့်အတွေ့အကြုံများကို အခြေခံ၍ (၂၀၁၈-၂၀၂၂) စီမံကိန်းကို ချမှတ်ခဲ့သည်။ တရားစီရင်ရေး၏ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက်နယ်ပယ် (၅) ရပ်အဖြစ် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်၊ အများပြည်သူ၏အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် စသည်ဖြင့်သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ငါးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် တိုင်းတာနိုင်သည့်လုပ်ငန်းလျာထားချက်များ သတ်မှတ်ထားရှိပါသည်။ အမှုပြီးပြတ်မှုနှုန်းကို ၁၀၀% သို့ရောက်ရှိရန်နှင့် တရားရုံးအသုံးပြုသူများ၏ကျေနပ်မှုကို ၈၀% ရရှိနိုင်ရန် ရည်မှန်းချက်များပါဝင်ပါသည်။ စီမံကိန်း၏အစီအစဉ်များကို ဦးစားပေးအဆင့်(၁) အဖြစ် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ စီမံကိန်းအကောင်အထည်ဖော်ခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးမျိုးတင့် ဦးဆောင်သည့် မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီက စီမံကိန်းအကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊ စီမံကိန်းတိုးတက်မှုအစီရင်ခံစာတင်ပြခြင်းနှင့် နှစ်စဉ်ဆောင်ရွက်မည့် တစ်နှစ်တာလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပါသည်။

မဟာဗျူဟာစီမံကိန်း ပဉ္စမနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၂) ၏ အောင်မြင်မှုများ

၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော်မည့် အလယ်အလတ်အဆင့်ဦးစားပေး မဟာဗျူဟာအစီအစဉ်များကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ဌာနအသီးသီး၊ လုပ်ငန်းအဖွဲ့အသီးသီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များက သက်ဆိုင်ရာလုပ်ငန်းအစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၂၂ ခုနှစ်၏ ထင်ရှားသည့် အောင်မြင်မှုများမှာ-

- တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့် စုစုပေါင်းအမှုများ၏ ၁၀၉ % ပြီးပြတ်အောင်ဆောင်ရွက်ခြင်း၊
- နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၉) ရုံးနှင့် မြို့နယ်တရားရုံး (၄၇) ရုံးတွင် တိုးချဲ့၍ အပြီးသတ်အကောင်အထည်ဖော်ခြင်း၊
- တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို နိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ၂၀၂၁ ခုနှစ်အတွက် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ခြင်း။

မဟာဗျူဟာစီမံကိန်း ပဉ္စမနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့်ရလဒ်များကို နောက်ဆက်တွဲ (၄) တွင်ဖော်ပြထားပါသည်။

တရားရုံး၏ ဆောင်ရွက်မှုတိုးတက်စေရန် ရည်မှန်းချက်များနှင့် လျာထားသတ်မှတ်ချက်များ

